ခန္တီစ တော‌ံ မင်္ဂလမုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၉၃)

ရှန်ဟိုင်းမြို့၌ ပေါ်ထွန်းလာမည့် အခြေအနေများ ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ဇူလိုင် ၁၅ရက်က ရှန်ဟိုင်းမြို့ရှိ **Shanghai Urban Planning Exhibition Centre** ၌ ရှန်ဟိုင်းမြို့ အဆင့်ဆင့်တိုးတက်လာမှု သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများနှင့် ၂၀၂၀ ပြည့်နှစ်တွင် ရှန်ဟိုင်းမြို့၌ပေါ်ထွန်းလာမည့် အခြေအနေများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသစဉ်။ (အောက်ပုံနှင့်အောက်ဆုံးပုံ)

(သတင်းစဉ်)

ချစ်ကြည်ရေးခရီးစဉ်အတွင်းနှစ်နိုင်ငံချစ်ကြည်ရေးနှင့်ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့ သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာနှင့်စာလွှာ စုစုပေါင်း ၁၁ ခု လက်မှတ်ရေးထိုးနိုင် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်ရေး ရန်ကုန်မြို့အနီး၌ အထူးဇုန်တည်ထောင်သွားမည်

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၁၅ရက် နံနက် ၉ နာရီခွဲတွင် Pudong စက်မှုဇုန်ရှိ Shanghai Science and Technology Museum သို့ ရောက်ရှိကြရာ Shanghai Pudong New Area People's Government, Vice Mayor, Mr. Endi Zhang နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻



မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

အမေရိကန်ဘုရှ်အစိုးရဟာ ကမ္ဘာမှာ ဒုတိယရေနံအထွက်ဆုံးဖြစ်တဲ့ အီရတ်နိုင်ငံကို လူအစုလိုက်အပြုံလိုက် သေစေနိုင်တဲ့ လက်နက်တွေရှိတယ်၊ အမေရိကန်တို့လုံခြုံရေးအတွက် စိုးရိမ်ရတယ်ဆိုပြီး အင်အားသုံးကျူးကျော်စစ်ပွဲ ဆင်နွှဲသိမ်းပိုက်ခဲ့ပါတယ်။ တကယ်တော့ ဒီအကြောင်းပြချက်ဟာ လုံးဝမမှန်ဘူး ဆိုတာ ဘူးပေါ်သလို ပေါ်လာပြီ ဖြစ်ပါတယ်။

(အောင်မိုးခံ၏ဆောင်းပါး စာ−၁၀)

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၀၀ ရှိပြီ။

(နိုင်ငံတကာသတင်း စာ−၄)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

မြန်မာ–တရုတ်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံခေါင်းဆောင်ကြီးများသည် ခေတ်အဆက်ဆက်၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ယင်းကဲ့သို့ကြိုးပမ်းရာတွင် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်ချစ်ကြည်ရေးခရီး သွားရောက်ခြင်းသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးဇုန်များနှင့် စက်မှုဇုန်များလေ့လာပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအား ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်ရန် ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ပေကျင်းမြို့နှင့် ဟေဘေးပြည်နယ်တို့ရှိ စက်မှုဇုန်များကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Zhongguancun Science Park သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ Zhongguancun Science Park Administrative Committee ဒုတိယဥက္ကဋ္ဌ Dr.Xia Yingqi က Zhongguancun Science Park ၏ နောက်ခံသမိုင်း၊ စက်မှုဇုန်ပေါ်ပေါက်လာပုံနှင့် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမှု၊ အဆင့်မြင့်နည်းပညာ ကုမ္ပဏီပေါင်း ၁၂၀၀၀ ကျော်နှင့် သုတေသနလုပ်ငန်းဌာနများ ဖွင့်လှစ်လုပ်ကိုင်နေမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ စက်မှုဇုန်နှင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နည်းပညာပိုင်းဆိုင်ရာ၊ အတတ်ပညာပိုင်းဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ မွေးထုတ်လေ့ကျင့်ပေးနေမှု စသည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က–

"တရုတ်နိုင်ငံ စက်မှုဇုန်ရှိ ကုန်ထုတ်လုပ်ငန်း၊ သုတေသနလုပ်ငန်းများကို လေ့လာပြီး နည်းပညာများရယူရေးနှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရန်ကုန်မြို့အနီး၌ စက်မှုဇုန်တစ်ခုကို ထူထောင်နေပြီဖြစ်ရာ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများ လာရောက်လေ့လာကြပြီး ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း"

ပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ဟေဘေးပြည်နယ်ရှိ Three Gorges Dam Exhibition Centre သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ စီမံကိန်းအထွေထွေမန်နေဂျာ Mr. Li Yongan က Three Gorges Dam Project ကို ပြည်တွင်းပညာရှင်များက ခေတ်မီနည်းများဖြင့် ပုံစံရေးဆွဲခဲ့မှု၊ စီမံကိန်းမှာ ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်ပြီး ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားများဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသို့ အထောက်အကူပြုနိုင်မည့်အခြေအနေ၊ စီမံကိန်းတည်ရှိရာဒေသ၏ စီးပွားရေး၊ လူမှုရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ စီမံကိန်းအရဆောင်ရွက်နေသော မြေယာဖော်ထုတ်ခြင်းနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်း၊ ယာယီသင်္ဘောလမ်း တည်ဆောက်ခြင်းလုပ်ငန်း၊ အမြဲတမ်းသင်္ဘောလမ်းတည်ဆောက်ခြင်းလုပ်ငန်း၊ ကွန်ကရစ်တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်နေမှုနှင့် စီမံကိန်းမှ နိုင်ငံတော်ကိုအကျိုးပြုမည့် အခြေအနေ စသည်များကို ရှင်းလင်းတင်ပြခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်အား ဟေဘေးပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Luo Qingquan က လာရောက်တွေ့ဆုံနှုတ်ဆက်ပြီး **မြန်မာနိုင်ငံနှင့် ဟေဘေးပြည်နယ်တို့ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ အထူးသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်သည့် စီမံကိန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သည်များကိုလည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုအထောက်အကူပြုစေသည့် ဆောင်ရွက်ဖွယ်ရာများကို လည်းကောင်း ခင်မင်ရင်းနှီးစွာ ဆွေးနွေး ပြောဆိုကြသည်။**

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက် ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မြဲစေမည့်အပြင် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကိုလည်း ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက် ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာအမျိုးသမီးများနေ့ကျင်းပရာတွင် ပါဝင်ကူညီကြသူများအား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၄ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ကျင်းပရာတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ ပညာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေ၊ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ပြည်နယ်၊ တိုင်းတာဝန်ခံများ၊ သစ်ပင်စိုက်ပျိုးရေးအဖွဲ့၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သရုပ်ပြအဖွဲ့၊ အမျိုးသမီးရေးရာ နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့နှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုပ်ရှင်နှင့် ဂီတပညာရှင်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဂုဏ်ပြု အမှာစကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရာတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ဇနီး ဒေါ်ကျင်ခိုင်က လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ ဇနီး ဒေါ်ခင်လှလှက လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ ဇနီး ဒေါ်ခင်ငွေးမြင့်က လည်းကောင်း **(ယာပုံ)**၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်လေးက လည်းကောင်း၊ အားကစားဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ဇနီး ဒေါ်အေးအေးက လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ဝန်ကြီး၏ ဇနီး ဒေါ်ခင်အေးက လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအတွက် ဂုဏ်ပြု မှတ်တမ်းလွှာကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လည်းကောင်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ငွေးက လည်းကောင်း အသီးသီးလက်ခံယူကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ တေးဂီတပညာရှင်များကိုယ်စား တေးဂီတပညာရှင် စန္ဒရားသိန်းမြင့်သန်းက လည်းကောင်း၊ "လေကိုဆန်၍ ပျံလေသော်" ဗီဒီယိုဇာတ်လမ်းတွင် ပါဝင်သူများကိုယ်စား ဒါရိုက်တာ ဒေါ်ရိုးရိုးက လည်းကောင်း၊ ပံ့ပိုးသူများဖြစ်ကြသော Talent & Model၊ Dozo Fashion၊ မြမာလာအထည်ဆိုင်၊ Royal Rose Slippers၊ Eros Health တို့မှ ကိုယ်စားလှယ်များကလည်းကောင်း အသီးသီး လက်ခံယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက ပါဝင်ကူညီခဲ့ကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၃)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၁

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၃)ကို ထုတ်ဝေဖြန့်ချိထားသည်။**(ယာပုံ)**

အရှင်ဓမ္မရက္ခိတ၊ မြင်းမူမောင်နိုင်မိုး၊ ဝင်းဝေနောင်၊ ရန်နိုင်ဦး၊ တင်လင်းဇော်၊ မောင်မြတ်မွန်(ဆူးလေ)၊ တိုးကိုကိုဝင်း၊ ကြည်ထွန်း (ကျောက်ပန်းတောင်း)၊ ကိုစိုင်းထက်မြက်သိမ်း၊ မောင်နီမြင့်(ပင်လယ်)၊ ညောင်ရွှေခင်မောင်မြ၊ မဟူရာ စောလွင်(ပခုက္ကူ)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ပခုက္ကူဦးအုံးဖေ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာလှဖေ၊ သန်းဝင်းရှိန်၊ လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ တက္ကသိုလ် သန်း၊ မောင်မောင်လတ်၊ တက္ကသိုလ်စိုးယဉ်၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မိုးထက်မောင်မောင်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မွှေးငယ်ငယ်၊ ခိုင်ယဉ်မွန်(ဝိဇ္ဇာ–သိပ္ပံ)၊ ခင်ဇ(စက်မှု)၊ သာရဝေါ်စိုးကြည်တို့၏ ဆောင်းပါးများ၊ ညိုလွှမ်းအောင်၊ ကြူကြူသင်း၊ မောင်ဆန္ဒ(လယ်ဝေး)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ သန်လျင် မောင်မောင်ဦး၊ မှတ်ကျောက်၊ ခင်ယုသွေး၊ ရွှေဘိုဘာမထီခင်အောင်၊ ပုသိမ် ရန်နောင်စိုးတို့၏ ဝတ္ထုတိုဝတ္ထုရှည်များအပြင် ဟာသ၊ ပြဇာတ်၊ ဗုဒ္ဓ စာဥယျာဉ်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောခလေ့စာပန်းချီ၊ ပုံပြင်၊ ဟာသ ကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ပြည်၊မကွေး၊ ကလော၊ တောင်ကြီး၊ ဟဲဟိုး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ် စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၅ရက်က စက်မှုဇုန်ခန်းမ၌ **Shanghai Pudong New Area People's Government, Vice Mayor, Mr. Endi Zhang** က **Pudong** စက်မှုဇုန်၏ လုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထို့နောက် Museum ခန်းမ၌ Shanghai Pudong New Area People's Government , Vice Mayor, Mr.Endi Zhang က Pudong စက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်မှုဇုန်စတင်ဖွင့်ချိန်တွင် အဓိကစီးပွားရေးမှာ ကုန်ပစ္စည်းထုတ်လုပ်ရေးဖြစ်သော်လည်း ယခုအခါ အဓိက စီးပွားရေးမှာ သိပ္ပံနည်းပညာ ဖြစ်လာမှု၊ စက်မှုဇုန်၏ ဂျီဒီပီ အရှိန်အဟုန် တိုးတက်လာမှု၊ Pudong စက်မှုဇုန်ကို Lujiazui Finance and Trade Zone၊ Jinqiao Export and Processing Zone၊ Waigaoqiao Free Trade Zone၊ Zhangjiang Hi-Tech Park တို့ဖြင့် ဖွဲ့စည်းထားမှု၊

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Alcatel Shanghai Bell Co.,Ltd. သို့ ရောက်ရှိကြရာ Executive Vice-President,Mr. Chen Wei Dong နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်သွယ်ရေးနည်းပညာအလုပ်ရုံ

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား Executive Vice-President, Mr. Chen Wei Dong က Alcatel Shanghai Bell Co.,Ltd. အနေဖြင့် တရုတ်ဆက်သွယ်ရေးနည်းပညာ အလုပ်ရုံများ နိုင်ငံအသီးသီး၌ ဖွင့်လှစ်လုပ်ကိုင်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး Mr. Gu Xiaodong က Alcatel Shanghai Bell Co.,Ltd. က ထုတ်လုပ်လျက်ရှိသည့် ဆက်သွယ်ရေးဆိုင်ရာ ခေတ်မီ အီလက်ထရွန်နစ်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီကထုတ်လုပ်သည့် 3G. Mobile Phone များဖြင့် စမ်းသပ်ဆက်သွယ်ပြောဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

မြို့ပြတည်ဆောက်ရေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Lujiazui Central Green ဥယျာဉ်ရှိ ပြတိုက်သို့ရောက်ရှိကြရာ Lujiazui Finance and Trade Zone Development Company, Deputy General Manager, Mr. Shun Xiang Xu က Shanghai Lujiazui Centre Financial District Planning ပုံစံငယ်ဖြင့် မြို့ပြ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Lujiazui Central Green ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

လယ်ယာ၊စက်မှု၊ဆက်သွယ်ရေး၊စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍများ ကဏ္ဍစုံတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးသဘောတူညီခဲ့

ဇုန်အလိုက် လုပ်ကိုင်နေသော အဆင့်မြင့်နည်းပညာ၊ အတတ်ပညာတို့ဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှု သုတေသနလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုဇုန် ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ အဓိကထားဆောင်ရွက်ပေးနေမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

လာရောက်လုပ်ကိုင်ရန်ဖိတ်ခေါ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က Pudong စက်မှုဇုန်ဒေသ၏ ဖွံ့ဖြိုးတိုးတက်နေမှုကို ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ဒေသပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို မြင်တွေ့ရခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုမှာ သိသာထင်ရှားကြောင်း၊ မိမိ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်နိုင်ငံခေါင်းဆောင်ကြီးများနှင့်တွေ့ဆုံ၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ရှန်ဟိုင်းဒေသမှ ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနှင့် တရုတ်နိုင်ငံတို့သည် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍစသည့် ကဏ္ဍစုံတို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသဘောတူခဲ့ကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း သီးသန့်စက်မှုဇုန်များ ဖော်ထုတ်မည်ဖြစ်ရာ Pudong စက်မှုဇုန်မှလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများအား လာရောက်လုပ်ကိုင်ကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၅ရက်က **Alcatel Shanghai Bell Co., Ltd.** ညွှန်ကြားရေးမှူး **Mr. Gu Xiaodong** က **Alcatel Shanghai Bell Co., Ltd.** ကထုတ်လုပ်လျက်ရှိသည့် ဆက်သွယ်ရေးဆိုင်ရာ ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များအား ဇူလိုင် ၁၅ရက်က ရှန်ဟိုင်းမြို့ မြို့တော်ဝန် **Mr. Han Zheng** က ရှန်ဟိုင်းမြို့ **Jin Jiang Grand Hall** ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Jin Jiang Tower Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ရှန်ဟိုင်းမြို့ရှိ Shanghai Urban Planning Exhibition Centre သို့ ရောက်ရှိကြရာ Urban Planning Exhibition Centre အကြီးအကဲ Mr. Qiuxing Ao နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လျှပ်စစ်ရထားပုံစံငယ်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှန်ဟိုင်းဒေသရှိ ထင်ရှားသော အဆောက်အအုံများ၏ နမူနာပုံစံ၊ ရှန်ဟိုင်းမြို့ အဆင့်ဆင့်တိုးတက်လာမှု သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊လက်ရှိ ရှန်ဟိုင်းမြို့ အဆောက်အအုံများ၏ အကွက်ချပုံစံနှင့် ၂၀၂၀ပြည့်နှစ်တွင် ရှန်ဟိုင်းမြို့၌ ပေါ်ထွန်းလာမည့် အခြေအနေပြ ဖောင်းကြွပုံစံ၊ အနာဂတ်တွင် ဖြစ်ထွန်းလာမည့် ရှန်ဟိုင်းလေဆိပ်ပုံစံငယ်၊ ရှန်ဟိုင်းရေနက်ဆိပ်ကမ်းလုပ်ငန်း၊ မြူနီစီပယ်ဌာနမှ အသုံးပြုပစ္စည်းများ၊ ရှန်ဟိုင်းမြို့ ဆက်သွယ်ရေးလုပ်ငန်း တိုးတက်နေမှုဖော်ပြသည့် ကားချပ်များ၊ ဖွံ့ဖြိုးလာမည့် Pudong စက်မှုဇုန်

စာမျက်နှာ ၅ ကော်လံ ၁ သို့

ဘာဆာရာမြို့၌ ဗြိတိသျှစစ်ရဟတ်ယာဉ်ပျက်ကျ
တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၁၉

ဗြိတိသျှစစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့တွင် ယနေ့ပျက်ကျခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့သည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သို့ရာတွင် ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို မိမိမသိကြောင်း ထိုပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ရဟတ်ယာဉ်သည် ဘာဆာရာရှိ လေယာဉ်ပြေးလမ်းအတွင်း ပျက်ကျခြင်းဖြစ်သည်ဟု ဗိုလ်မှူးဒေးဗစ်စတီးလ်က ပြောကြားသည်။

ပစ်ချခံရ

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်နှင့် ဗြိတိသျှစစ်ဘက်ရဟတ်ယာဉ်များကို မကြာမကြာပစ်ချခဲ့ကြရာ အများအားဖြင့် အမေရိကန် စစ်ဘက်ရဟတ်ယာဉ်များ ပစ်ချခြင်းခံခဲ့ကြရသည်။

အီရတ်ကြားဖြတ်အစိုးရသို့ အချုပ်အခြာအာဏာ လွှဲပြောင်းပေးပြီးသည်ဟု ဆိုသော်ငြားလည်း အမေရိကန် ဗြိတိသျှနှင့်အပေါင်းပါတပ်ဖွဲ့များသည် အီရတ်၌ရှိနေကြဆဲဖြစ်ရာ အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ တိုက်ခိုက်မှုများလည်း ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်ထားစာခံအား ပြန်လွှတ်ပေးလိုက်ပြီ

ဘဂ္ဂဒက် ဇူလိုင် ၂၁

သီတင်းနှစ်ပတ်ကြာမျှ အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ ဖမ်းဆီးခြင်းခံခဲ့ရသော ဖိလစ်ပိုင်ဓားစာခံ အသတ်မခံရစေရန်အတွက် အီရတ်မှ ဖိလစ်ပိုင်တပ်များ ရုပ်သိမ်းရေး ခုခံတိုက်ခိုက်ရေးသမားတို့၏ တောင်းဆိုချက်ကို ဖိလစ်ပိုင်အစိုးရက လိုက်လျောခဲ့ပြီးနောက် ဖိလစ်ပိုင်ထရပ်ကား ယာဉ်မောင်းအား ခုခံတိုက်ခိုက်ရေးသမားများက အင်္ဂါနေ့၌ လွှတ်ပေးလိုက်ပြီဖြစ်သည်။

ခုခံတိုက်ခိုက်ရေးသမားများသည် ထိုသို့ဖိလစ်ပိုင်ထရပ်ကား ယာဉ်မောင်းကိုစွ နှင့်ပတ်သက်၍ ဖိလစ်ပိုင်အစိုးရက ၎င်းတို့၏ တောင်းဆိုချက်ကို လိုက်လျောခဲ့ရာ ချက်ချင်းပင် ဂျပန်နိုင်ငံအား အကယ်၍ အီရတ်မှ ဂျပန်တပ်များ မရုပ်သိမ်းလျှင် ဂျပန်တပ်ဖွဲ့ဝင်များကို သတ်ဖြတ်ရန်အတွက် ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ထားသောကားများ အသင့်တန်းစီထားရှိကြောင်း ခြိမ်းခြောက်လိုက်သည်။

ငြင်းပယ်

ဂျပန်နိုင်ငံက ၎င်း၏ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့သည်။ အီရတ်နိုင်ငံတွင် မကြာသေးမီလများအတွင်း၌ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော နိုင်ငံခြားသား ၆၀ ကျော်ရှိသည်။

ရုပ်သိမ်း

ဖိလစ်ပိုင်အစိုးရက အီရတ်နိုင်ငံရှိ ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၅၁ဦး၏ နောက်ဆုံးကျန်ရှိသူများအား အီရတ်နိုင်ငံမှနေ၍ ကူဝိတ်နိုင်ငံသို့ ရုပ်သိမ်းခဲ့ပြီး နောက်တစ်နေ့ဖြစ်သော အင်္ဂါနေ့တွင် ဓားစာခံ အင်ဂျလိုဒီလာခရုဇ်အား ဘဂ္ဂဒက်ရှိ အာရပ်စော်ဘွားများနိုင်ငံ၏ သံရုံးရှေ့တွင် ကားပေါ်မှ ချထားပေးခဲ့သည်။ **(အင်တာနက်)**

ဖော်လူဂျာမြို့တွင် အီရတ်ပြောက်ကျားတို့နှင့် တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင်၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက်ရှိ ရဲစခန်းတစ်ခု၏အပြင်ဘက်တွင် အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးနေသည်ကို ဇူလိုင် ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တောင်ဘက်ရှိ ရဲစခန်းအား အသေခံကားဗုံးခွဲတိုက်ခိုက် အီရတ်ရဲအဖွဲ့ကို ကန်နှင့်ပူးပေါင်းသူများဟုမြင်ကာ တိုက်ခိုက်ခြင်းဖြစ်

ဘဂ္ဂဒက် ဇူလိုင် ၁၉

ဘဂ္ဂဒက် အနောက်တောင်ဘက်ပိုင်းတွင်ရှိသော ရဲစခန်းတစ်ခု၌ လောင်စာဆီတင်ထရပ်ကားတစ်စီးကို တနင်္လာနေ့ အစောပိုင်းက အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လူကိုးဦးသေဆုံးပြီး ၆၀ ခန့် ဒဏ်ရာရခဲ့သည်ဟု တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆိုပါရဲစခန်းအား တနင်္လာနေ့ အစောပိုင်း၌ ထိုသို့ဗုံးခွဲတိုက်ခိုက်ချိန်တွင် အရပ်သားအမှုထမ်းများနှင့် အရာရှိများသည် ၎င်းတို့၏ နေ့စဉ်တာဝန်ခွဲဝေမှုအတွက် စောင့်စားနေခဲ့ကြသည်။ ရဲစခန်းအား ယခုတိုက်ခိုက်မှုသည် လူအသေအပျောက်ရှိသော နောက်ဆုံး တိုက်ခိုက်မှုဖြစ်သည်။ ယင်းသို့ လောင်စာဆီတင် ထရပ်ကား ပေါက်ကွဲချိန်၌ ရဲစခန်းရှိ ကွက်လပ်တွင် ရဲအဖွဲ့ဝင်အများအပြားသည် တန်းစီနေခဲ့ကြပြီး ပေါက်ကွဲမှုဖြစ်ပွားချိန်မှာ နံနက်ရှစ်နာရီကျော်ကျော်၌ဖြစ်သည်ဟု သိရသည်။

အီရတ်နိုင်ငံအနှံ့တွင် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် အမေရိကန်နှင့်ပူးပေါင်းသူများဟု ၎င်းတို့မြင်သော ရဲအဖွဲ့ကို ကားဗုံးများ၊ လမ်းဘေးဗုံးများအပြင် အခြားဗုံးများသုံးပြီး တိုက်ခိုက်ခဲ့ကြသည်။

ယင်းသို့ လောင်စာဆီတင်ထရပ်ကား ဗုံးဖောက်ခွဲတိုက်ခိုက်မှုကို မျက်မြင်တွေ့ရှိခဲ့ရသူက ထရပ်ကားသည် အထပ်နှစ်ထပ်ရှိသော ရဲစခန်းခြံစည်းရိုးမှ ပေ ၄၉၀ ခန့်၌ ပေါက်ကွဲခဲ့ကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဇူလိုင် ၂၁ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၀၀ ရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၂၁

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ် ၂၀ရက်မှစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၂၀ ရက် (အင်္ဂါနေ့)အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၀၀ ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့ သည်။ ယင်းအနက် ၆၅၉ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး၊ ၂၄၄ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၇၅၅ဦးဖြစ်ပြီး၊ ယင်းအနက် ၅၅၀ မှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၅ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့၌ အမှတ်-၁ ခြေမြန်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရာ ထိုတပ်ဖွဲ့ဝင်သည် ၂၀၀၃ ခုနှစ် မတ်လ၌ အီရတ်စစ်ပွဲစတင်ခဲ့သည်မှ ၉၀၀ မြောက် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။ **(အင်တာနက်)**

ဗြိတိန်၌ ပါလီမန်အမတ်နှစ်နေရာအတွက် ရွေးချယ်ပွဲပြုလုပ် ဘလဲ၏လေဘာပါတီအား မဲဆန္ဒရှင်များက ကန့်ကွက်မဲများပေးခဲ့

ဘဂ္ဂဒက် ဇူလိုင် ၁၆

ဗြိတိန်ပါလီမန်အမတ်သစ်နှစ်နေရာအတွက် ရွေးကောက်ပွဲများကျင်းပရာတွင် ဝန်ကြီးချုပ်တိုနီဘလဲ၏ လေဘာပါတီအား လီဆက်စ်တာနှင့် ဘာမင်ဂန် မဲဆန္ဒနယ်မြေတွင် မဲဆန္ဒရှင်များက ကန့်ကွက်မဲများ ပေးခဲ့ကြသည်။

အီရတ်အားစစ်ပွဲဆင်နွှဲရန် အတွက် ထောက်လှမ်းရေးသတင်းများကို အကဲဖြတ်ရာတွင် ထောက်လှမ်းရေးသတင်းများသည် မှားယွင်းမှုများရှိကြောင်း အစီရင်ခံစာထွက်ပေါ်ခဲ့ပြီးနောက် ယခုပြုလုပ်သည့်ပါလီမန် အမတ်နှစ်နေရာအတွက် ရွေးကောက်ပွဲသည် ဘလဲအားပထမဆုံး စမ်းသပ်ချက်ဖြစ်သည်။

အရှုံးပေး

ဘာမင်ဂန် မဲဆန္ဒနယ်မြေအတွက် ပါလီမန်အမတ်နေရာ ရွေးပွဲတွင် လေဘာပါတီသည် ဆန္ဒမဲအရေအတွက် လျော့ရခဲ့ပြီး လီဆက်စ်တာ မဲဆန္ဒနယ်မြေအတွက် ပါလီမန်အမတ်နေရာကို လစ်ဘရယ်ဒီမိုကရက်ပါတီအား လေဘာပါတီက အရှုံးပေးလိုက်ရသည်။

တတိယနေရာ

အဆိုပါ အလယ်ပိုင်းဒေသ မဲဆန္ဒနယ်မြေများဖြစ်သော လီဆက်စ်တာနှင့်ဘာမင်ဂန်ဒေသနှစ်ခုစလုံးတွင် အီရတ်စစ်ပွဲအား ထောက်ခံခဲ့သည့် ကွန်ဆာဗေးတစ်ပါတီက တတိယနေရာ၌ ရှိခဲ့သည်။

အလားအလာမရှိ

လေဘာပါတီသည် တတိယ သက်တမ်းတွင် ဆန္ဒမဲ ၃၅ရာခိုင်နှုန်း ထက်ပိုရဖို့ အလားအလာမရှိခြင်းနှင့် ကြုံရဖွယ်ရှိကြောင်း၊ ယင်းအခြေအနေသည် လေဘာပါတီအဖို့ တတိယသက်တမ်းသည် သက်သောင့်သက်သာ ရှိမည်မဟုတ်ကြောင်း စထရက်ကလိုဒ် တက္ကသိုလ်မှ နိုင်ငံရေးဘာသာရပ် ပါမောက္ခ ဂျွန်ကာတစ်က ပြောကြားသည်။

လျော့ကျ

ဘာမင်ဂန်၌ လေဘာပါတီသည် ၂၀၀၁ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ မဲအရေအတွက် ၆၄ ရာခိုင်နှုန်း ရခဲ့ရာမှ ၃၆ ရာခိုင်နှုန်းသို့ လျော့ကျ ခဲ့ပြီး လီဆက်စ်တာ၌ လေဘာပါတီသည် ယခင် ၅၅ ရာခိုင်နှုန်းမှ ယခု ၂၉ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သည်။ **(အင်တာနက်)**

စာမျက်နှာ ၃ မှ

အဆောက်အအုံများ၏ အကွက်ချပုံစံငယ်၊ တစ်နာရီလျှင် ကီလိုမီတာ ၄၀၀ အမြန်နှုန်းပြေးနိုင်သည့် မြေအောက် လျှပ်စစ်ရထားပုံစံငယ်တို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းရှန်ဟိုင်းမြို့ ပုံစံဖြင့်ဖွင့်လှစ်ထားသော စားသောက်ဆိုင်များ၊ ပစ္စည်းအရောင်းဆိုင်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Yuyuan Garden သို့ သွားရောက်၍ ဆိုင်များ၏ရောင်းချမှု အခြေအနေကို ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Yu Garden သို့ ရောက်ရှိကြပြီး ရှေးတရုတ်မင်းမှုထမ်း အမတ်ကြီးတစ်ဦး တည်ဆောက်အသုံးပြုခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ၊ ကျောက်သားဥယျာဉ်၊ ရှေးဟောင်းအနုပညာလက်ရာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၅ ရက်က Shanghai Women's Federation တွင် Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun နှင့် အဖွဲ့ဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးထုအတွက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့ Jin Jiang Tower Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr. Han Zheng အား ရှန်ဟိုင်းမြို့ Jin Jiang Grand Hall ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၅ ရက်က Shanghai Women's Federation တွင် Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun နှင့် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရှန်ဟိုင်း ဒုတိယမြို့တော်ဝန် Mr. Tang Dong Jie ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

စီးပွားရေးမြင့်တက်လာမှုတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr. Han Zheng က ရှန်ဟိုင်းမြို့မှာ တရုတ်ပြည်၏ ဆိပ်ကမ်းမြို့ကြီးဖြစ်သည့်အပြင် စီးပွားရေးဖွံ့ဖြိုးမှုမှာလည်း အရေးပါကြောင်း၊ ပြီးခဲ့သည့် ၁၅ နှစ်အတွင်း စီးပွားရေးမြင့်တက်လာသကဲ့သို့ ပြည်သူများ၏ လူနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှန်ဟိုင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်နေ့တခြား အလွန်မြန်ဆန်သည်ဟု ကြားသိရသဖြင့် ယခုကဲ့သို့ လာရောက်လေ့လာခြင်းဖြစ်ကြောင်း။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယခုခရီးစဉ်အတွင်း ပေကျင်းမြို့၌ မိမိနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mr. Hu Jintao၊ဝန်ကြီးချုပ် Mr. Wen Jiabao၊ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် Mr. Luo Gan၊ တရုတ်ပြည်သူ့ ကွန်ဂရက်ဥက္ကဋ္ဌ Mr. Wu Bangguo တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးကို အလေးထား၍ လည်းကောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို အလေးထား၍လည်းကောင်း လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် မိမိနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ စုံစုံညီညီလိုက်ပါလာကြကြောင်း။

ခရီးစဉ်အတွင်း ပေကျင်းမြို့၌ နှစ်နိုင်ငံအကြား သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာ စုစုပေါင်း ၁၁ ခုတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း၊ စိုက်ပျိုးရေး၊ စက်မှုသတ္တု၊ စွမ်းအင်၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးကဏ္ဍများ၌ဖြစ်ကြောင်း။

ပြည်ပရင်းနှီးမှု ပိုမိုလုပ်ကိုင်နိုင်ရန် ရန်ကုန်မြို့နှင့်အနီးတွင် အထူးဇုန်တစ်ခု တည်ထောင်မည်ဖြစ်ရာ ရှန်ဟိုင်းမှ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား လာရောက်လေ့လာကြရန် ဖိတ်ခေါ်ပါကြောင်းနှင့် ရှန်ဟိုင်းမြို့ကြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုညစာတည်ခင်း

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr.Han Zheng က ရှန်ဟိုင်းမြို့ Jin Jiang Grand Hall ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Jin Jiang Tower Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၏ဇနီး ဒေါ်စံယုံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၏ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည် သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Li Jinjun ၏ဇနီး Mrs.Wang Jian နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ဂျော်၏ဇနီး ဒေါ်ကြည်ကြည်ဦးတို့ လိုက်ပါလျက် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရှန်ဟိုင်းမြို့ရှိ Shanghai Women's Federation သို့ ရောက်ရှိကြရာ Shanghai Women's Federation ဥက္ကဋ္ဌ Ms.Meng Yankun နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များနှင့် Shanghai Women's Federation ဥက္ကဋ္ဌ Ms.Meng Yankun နှင့် အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမ၌ ခင်မင်ရင်းနှီးစွာတွေ့ဆုံကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၅ ရက်က Shanghai Women's Federation တွင် Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun နှင့် အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ တွေ့ဆုံပြီးနောက် Shanghai Women's Federation က ဖွင့်လှစ်ထားသော ရင်ခွင်ပိုက်ကလေးငယ်များပြုစုရေးဌာန၊ ကလေးငယ်များ အာဟာရဖြည့်တင်းရေးဌာန၊ အလှပြင်ခန်းမနှင့် အားကစားလေ့ကျင့်ရေးခန်းမတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဇူလိုင် ၁၅ ရက်က Shanghai Women's Federation တွင် Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ Shanghai Women's Federation ဥက္ကဋ္ဌ Ms.Meng Yankun က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား မိမိတို့အဖွဲ့ချုပ်က ကြိုဆိုခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းသာမိပါကြောင်းနှင့် ရှန်ဟိုင်းအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ အမျိုးသမီးထု ရှစ်သန်းအား ကိုယ်စားပြု၍ လုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေများ၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းချက်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

လည်ပတ်ရန်ဖိတ်ကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက မိမိတို့အား ရှန်ဟိုင်းအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုသည့်အတွက် လှိုက်လှဲစွာဝမ်းသာမိပါကြောင်း၊ မိမိသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ တာဝန်များကို ပူးတွဲထမ်းဆောင်နေပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ မြန်မာအမျိုးသမီးထုအတွက်လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဥက္ကဋ္ဌ Ms. Meng Yankun အား လုပ်ငန်းတာဝန်များပေါ့ပါးမည့် အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ယင်းနောက် Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun က ဒေါက်တာဒေါ်ခင်ဝင်းရွှေအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ဆက်လက်၍ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေကလည်း Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun အား လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌ Ms. Meng Yankun နှင့် အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် Shanghai Women's Federation က ဖွင့်လှစ်ထားသော ရင်ခွင်ပိုက်ကလေးငယ်များ ပြုစုရေးဌာန၊ ကလေးငယ်များ အာဟာရဖြည့်တင်းရေးဌာန၊ အလှပြင်ခန်းမနှင့် အားကစားလေ့ကျင့်ရေးခန်းမတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား Shanghai Women's Federation ဥက္ကဋ္ဌ Ms. Meng Yankun က Shanghai Women's Federation အဆောက်အအုံ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ သွားရောက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လျူဇီဂျွန်အား တွေ့ဆုံနှုတ်ဆက်သည်။

ရထားလုပ်ငန်းဆွေးနွေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား ဇူလိုင် ၁၃ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Transtech Engineering Corporation မှ Deputy General Manager, Mr. Yang Yong နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Zingang Locomotive Work မှ Vice-President, Mr. Zhang Gui Ming နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Dalian Locomotive and Rolling Stock Co.,Ltd. မှ ဥက္ကဋ္ဌ Mr. Tan Changxu နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Jifang Locomotive & Rolling Stock Co.,Ltd. မှ Overseas Marketing Department General Manager, Mr. Li Jinnue နှင့် အဖွဲ့ဝင်များသည်လည်းကောင်း ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ ရထားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

ရင်းနှီးမြှုပ်နှံမှုဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jsing Daring Biotechnologies Group မှ ဥက္ကဋ္ဌ Mr. Yang Yingzhi နှင့်အဖွဲ့ဝင်များသည် ဇူလိုင်၁၅ရက် မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ Jin Jiang Tower Hotel သို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhejiang Orient Engineering Co.,Ltd. မှ President, Mr. Hua Aiguo နှင့်အဖွဲ့ဝင်များသည်လည်းကောင်း၊ Zhejiang Provincial Department of Agriculture မှ Deputy Director, Mr. Sun Kui-Fa နှင့်အဖွဲ့ဝင်များသည်လည်းကောင်း၊ ဇူလိုင် ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ Jin Jiang Tower Hotel သို့ လာရောက်တွေ့ဆုံ ဆွေးနွေးကြသည်။

အကျိုးတူပူးပေါင်းရေး

ယင်းသို့ တွေ့ဆုံရာတွင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းလည်း တက်ရောက်ပြီး လယ်ယာကဏ္ဍနှင့် ဆည်မြောင်းကဏ္ဍတို့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများဖြစ်သည့် China Worldbest Group Co.,Ltd. မှဥက္ကဋ္ဌ Mr. Jiang Cheng နှင့်အဖွဲ့ဝင်များသည် လည်းကောင်း၊ Jiangsu Pengfei Group Co.,Ltd. မှ President, Mr. WangJia An နှင့် အဖွဲ့ဝင်များသည် လည်းကောင်း ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံရှန်ဟိုင်းမြို့ရှိ Jin Jiang Tower Hotel သို့ လာရောက်တွေ့ဆုံ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့အား ဇူလိုင် ၁၅ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jsing Daring Biotechnologies Group မှ ဥက္ကဋ္ဌ Mr. Yang Yingzhi က ရှန်ဟိုင်းမြို့ရှိ Jin Jiang Tower Hotel သို့ လာရောက်တွေ့ဆုံကြပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဆူးလေစေတီ အဘိဓမ္မာအသင်း ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့ ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများက ဟောကြားမည်ဖြစ်ရာ ဇူလိုင် ၃၁ ရက်တွင် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ၊ ဩဂုတ် ၁၅ ရက်တွင် စွန်းလွန်းဂူကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်သုန္ဒရ၊ ဩဂုတ်၃၀ ရက်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံဆရာတော် အရှင်ပညိန္ဒာဘိဝံသ၊ အောက်တိုဘာ ၂၁ ရက်တွင် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင် ဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)နှင့် ကျန်တရားဟောအကျော် ဓမ္မကထိက ဆရာတော်များက ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ၁နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာ ဟောကြားချီးမြှင့်မည်ဖြစ်ရာ တရားချစ်ခင် သူတော်စင်အပေါင်းတို့ ကြွရောက်နာယူနိုင်ကြောင်း သိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၁

တောင်ဥက္ကလာပမြို့နယ် (၁၅) ရပ်ကွက် (၅)ဝိုင်း စလေသီဂိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ရန်ကုန်ရောက် စလေနယ်သူ နယ်သားများက သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းလှူဒါန်းခြင်းနှင့် တိုင်းရင်းသားမိဘမဲ့ ကလေးများကို အာဟာရဒါန၊ ပညာရေးငွေပဒေသာပင်စိုက်ထူပွဲကို ဒုတိယဝါဆိုလပြည့် (ဇူလိုင်၃၁ရက်)စနေနေ့တွင် အဆိုပါကျောင်းတိုက်၌ကျင်းပမည်ဖြစ်၍ အလှူရှင်များကြွရောက် ကြည်ညိုနိုင်ရန် ဖိတ်ကြားထားသည်။ အာဟာရနှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလိုပါက ဦးစောလွင် ရုံကြီးအမှတ် ၁၆၊ အခန်း ၂၃၊ ဘုရင့်နောင်ဈေး၊ ဖုန်း-၆၈၃၀၈၈-၄၅၉နှင့် ဦးဇော်ဝင်း-ဒေါ်ပြုံး ဖုန်း-၆၆၁၂၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၉၂)

စလေနယ်သူ နယ်သားများ ဝါဆိုသင်္ကန်းကပ်လှူကြမည်

ရန်ကုန် ဇူလိုင် ၂၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို စလေနယ်သူ နယ်သားများစုပေါင်း၍ စလေသီဂိကျောင်း ကန်ဦးကျောင်းတိုက် ကျောင်းဝိုင်း အမှတ်(၅) တောင်ဥက္ကလာပ၌ ဇူလိုင် ၃၁ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဒေါ်ပြုံး ဖုန်း- ၆၆၁၂၂၀သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်တင်ရေးလုပ်ငန်းများ အဆင့်မြင့်မြင့်စနစ်တကျဆောင်ရွက် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌မှာကြား

ရန်ကုန် ဇူလိုင် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်၌ကျင်းပသည့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့်တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သည့် Relaxation Zone ၊ Recreation Zone၊ Education Zone နှင့် Central Forest Zone များတွင် သက်ဆိုင်ရာ ဇုန်အလိုက် အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ဒီဇိုင်းပညာရှင် Mr. John Inada က ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများတွင် ဇုန်အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးရှင်းလင်းတင်ပြသည်။

စနစ်တကျဆောင်ရွက်

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အဆင့်မြင့်မြင့်ဖြင့် စနစ်တကျပြီးစီးအောင် ဆောင်ရွက်ကြရေးမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Relaxation Zone ရှိ Elephant Plaza ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ညပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဆွေးနွေးမှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒီဇိုင်းပညာရှင် Mr. John Inada က ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများတွင် ဇုန်အလိုက်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

မေတ္တာရှင်ဇီဝိတဒါနအဖွဲ့ ချို့တဲ့လူနာများအားအလှူငွေများပေးအပ်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှု ခံယူနေသော ချို့တဲ့ လူနာများအား သံအမတ်ကြီး(အငြိမ်းစား) ဦးမောင်မောင်စိုးတင့် ဦးဆောင်သော မေတ္တာရှင် ဇီဝိတဒါနအဖွဲ့က အဖွဲ့တည်ထောင်မှု ခုနစ်နှစ်ပြည့် အထိမ်းအမှတ် (၁၉)ကြိမ်မြောက် အလှူအဖြစ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်၉ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

လှူဒါန်းရခြင်း

အခမ်းအနားတွင် သံအမတ်ကြီး (အငြိမ်းစား) ဦးမောင်မောင်စိုးတင့်က လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မေတ္တာရှင် ဇီဝိတဒါနအဖွဲ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အသုံးပြုရန်အတွက် ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ကုလားထိုင်များကို လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(အောက်ပုံ)**

ဆက်လက်၍ သံအမတ်ကြီး (အငြိမ်းစား) ဦးမောင်မောင်စိုးတင့် ဦးဆောင်သည့် အလှူရှင်များသည် ဆေးရုံအတွင်းရှိ ကုသဆောင်များ၌ ဆေးဝါးကုသမှု ခံယူနေသော ချို့တဲ့ လူနာ၁၇၀ကျော်တို့အား အလှူငွေများကိုတစ်ဦးချင်းလှည့်လည်ပေးအပ်သည်။

မေတ္တာရှင် ဇီဝိတဒါနအဖွဲ့မှ အလှူရှင်များ၏ လူနာများသို့ ယနေ့ လှူဒါန်းသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၀၈၅၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊အမှတ်(၁၈)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနှင့်ထိုင်း တက္ကသိုလ်ချင်း ချိတ်ဆက်၍ ပညာရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်သွားရန်စီစဉ်၊ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးဝါးများကို မလေးရှား၏ ပထမဆုံးတိုင်းရင်း ဆေးရုံအတွက် ဝယ်ယူမည်၊ အဲယား ပုဂံအမည်ရှိ ပြည်တွင်းလေကြောင်း လိုင်းသစ် အောက်တိုဘာလတွင် စတင်ပျံသန်းမည်၊မြန်မာ–ဗီယက်နမ် ကုန်သွယ်ရေး ယခုနှစ်တွင် ၆၀ ရာခိုင်နှုန်းကျော် တိုးတက်မည် မှန်းစသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

အိုစမာဘင်လာဒင်၏ အနီးကပ်လူယုံတော် ဆော်ဒီအာရေဗျတွင် လက်နက်ချအညံ့ခံ၊ မိုဘိုင်းလ်ဖုန်းပေါ်မှာ ဝတ္ထုဖတ်မလား၊ တရုတ်စာရေးဆရာတစ်ဦးက အကြံကြီး၊ ပျော်စရာရှားလေရော့သလား၊ စားလက်စ ငှက်ပျောသီးကို ဒေါ်လာသုံးထောင်ဖြင့် လေလံပွဲမှဝယ်၊ ရုပ်ရှင်ထဲမှာတာခ်ံ အပြင်မှာလည်းတာခ်ံ အချစ်တော် ကျားကလေး သေနတ်ပစ်ခံရ စသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးစုံလင်စွာကို e-Empire Media House ဖုန်း–၇၀၃၈၁၃ က မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။ **(က–ပ)**

ဝါတွင်းတရားပွဲကျင်းပ၍ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၁

တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက် စံပြ ၁လမ်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်း ဥပုသ်နေ့တိုင်း တရားနာ၊ တရားအားထုတ်ခြင်းကို ၁၃၆၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၅ရက်မှစ၍ ကျင်းပမည်ဖြစ်သည်။ ဝါတွင်းဥပုသ်နေ့တိုင်း ရန်ကုန်မြို့ မိုးကုတ်အဖွဲ့ချုပ်၏ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်ကြသည့်ဆရာတော် ဦးစန္ဒဝံသ(ဓမ္မာစရိယ)နှင့်ဦးသြဘာသ (ဓမ္မာစရိယ–B.A မြန်မာ)၊ ဦးဝိစိတ္တ (ဖွဲ့ဖုံကျောင်းမရမ်းကုန်း)နှင့် ဦးနန္ဒာသိရီ(ဓမ္မာစရိယ၊ ပုပ္ပား–၃၊ မြောက်ဥက္ကလာ)အရှင်သူမြတ်များက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ တရားနာ၊ တရားအားထုတ်နိုင်ကြရန်နှင့် တိုက်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၂၀သို့ ဝါဆိုသင်္ကန်းများ ဆက်ကပ်မည်ဖြစ်ရာ အမှုဆောင်အဖွဲ့သို့ လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(က–ပ)

စုပေါင်းဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၅ ရက်က ရှန်ဟိုင်းမြို့ Lujiazui Central Green ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

e-Government လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်ဦးက ဆောင်ရွက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ e-Government လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ e-National Task Force ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က e-Government လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းမှုအခြေအနေ၊ e-Government ဆွေးနွေးပွဲများနှင့် သင်တန်းများဖွင့်လှစ်ခဲ့မှုအခြေအနေ၊ ဝန်ကြီးဌာနများမှ သင်တန်းတက်ရောက်ပြီးစီးမှု အခြေအနေ၊ e-Government လုပ်ငန်းများ အကောင်အထည်ဖော်ရေး အစီအစဉ်များနှင့် e-Government တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ e-Government လုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သိန်းဆွေက မြန်မာနိုင်ငံ၏ e-Government လက်ရှိဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က e-Government နှင့်ပတ်သက်၍ လက်ရှိအခြေအနေတွင် ဝန်ကြီးချုပ်ရုံးနှင့် ဝန်ကြီးဌာနများ၌ ဆောင်ရွက်လျက်ရှိသည့် G-MIS (Government Management Information System) နှင့် e- Procurement လုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ e-National Task Force တွဲဖက်အတွင်းရေးမှူး ဦးပြုံးမောင်မောင်က Online Security နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် Certification Authority နှင့် Myanmar Electronic Trust ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက e-Government လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

e-Government လုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က e-Government စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က ဆောင်ရွက်လျက်ရှိသည့် G-MIS နှင့် e-Procurement လုပ်ငန်းအခြေအနေများကို တင်ပြစဉ်။
(သတင်းစဉ်)

e-Government လုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် သိန်းဆွေက e-Government လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



e-National Task Force တွဲဖက် အတွင်းရေးမှူး ဦးပြုံးမောင်မောင်က Online Security နှင့် ပတ်သက်၍ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၇-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အကပဒေသာ
၈:၂၀ ၇။ ဘိုင်းဒါးရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
၁၇:၄၅ ၈။ မြန်မာစာမြန်မာစကား(အပိုင်း–၅)
၁၈:၀၀ ၉။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည် (ခြေရာတော်စိုက်ခင်း)
၁၈:၁၅ ၁၀။ သက်တံ့ရောင်သံစဉ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးနတ်မယ်”** (အပိုင်း–၄၁)
၁၉:၃၅ ၁၄။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၅။ လှပစုံလင် အင်းလျားကန်တစ်ခွင်
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာရုပ်ရှင် **“မောင့်မှုပိုင်ရှင်” (အပိုင်း–၁)** (ဒွေး၊ လွင်မိုး၊ထွန်းအိန္ဒြာဗို၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ–ကိုစန်းအောင်)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ကော့မှူးမြို့နယ်(ကသစ်ကုန်း) အရိမဒ္ဒနာရာမပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် (ကသစ်ကုန်း)အရိမဒ္ဒနာရာမပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ကသစ်ကုန်းဆရာတော်ကြီး၏ တပည့် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ အမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထု အစုစုတို့ကို စုပေါင်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။ စေတနာရှင်များသည် ဇူလိုင် ၂၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်အနီး ရန်ကုန်မြို့သို့ ကြွရောက်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၂၂-၇-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Country Profile of Myanmar Naing Ngan (ပထမနှစ်၊ ဥပဒေပညာ အထူးပြု)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာရွှေအိုး”**(အပိုင်း–၁၇)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပြည်သူ့တရားရှင် အယောင်ဆောင်စွမ်းအားရှင်”** (အပိုင်း–၂)
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရှန်ဟိုင်းမြို့ မြို့တော်ဝန် **Mr. Han Zheng** အား ဇူလိုင် ၁၅ရက်က ရှန်ဟိုင်းမြို့ **Jin Jiang Grand Hall** ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌သီးသန့်စက်မှုဇုန်များဖော်ထုတ်မည် Pudong စက်မှုဇုန်မှလုပ်ငန်းရှင်များလာရောက်လုပ်ကိုင်ရန်ဖိတ်ခေါ်

တွေ့ဆုံ နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရှန်ဟိုင်းမြို့ မြို့တော်ဝန် **Mr. Han Zheng** အား ဇူလိုင် ၁၅ရက်က ရှန်ဟိုင်းမြို့ **Jin Jiang Grand Hall** ဧည့်ခန်းမ၌ တွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဇူလိုင်၁၅ရက်က **Lujiazui Central Green** ဥယျာဉ်ပြတိုက်၌ **Lujiazui Finance and Trade Zone Development Company Deputy General Manager, Mr. Shun Xiang Xu** က **Shanghai Lujiazui Centre Financial District Planning** ပုံစံငယ်ဖြင့် မြို့ပြတည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှန်ဟိုင်းမြို့ မြို့ပြအခြေအနေ ကြည့်ရှုလေ့လာ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ဇူလိုင်၁၅ရက်က ရှန်ဟိုင်းမြို့ရှိ **Shanghai Urban Planning Exhibition Centre**၌ ရှန်ဟိုင်းမြို့ အဆင့်ဆင့် တိုးတက်လာမှု သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများနှင့် ၂၀၂၀ပြည့်နှစ်တွင် ရှန်ဟိုင်းမြို့၌ ပေါ်ထွန်းလာမည့် မြို့ပြအခြေအနေများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ စီးပွားရေးတိုးမြှင့်ပိတ်ဆို့နေမှုဟာ ဘယ်သူ့အတွက်လဲ

အမေရိကန်ဘုရှ်အစိုးရဟာ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုကို သက်တမ်းတစ်နှစ်တိုးမြှင့်လိုက်ပါတယ်။ အခုလို ဆောင်ရွက်လိုက်တာဟာ မြန်မာပြည်သူတို့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအတွက် ဆောင်ရွက်တာ မဟုတ်ဘဲ သူတို့အမေရိကန်အကျိုးကိုသာ အဓိကထား ဆောင်ရွက်တာ ဖြစ်ပါတယ်။ အထူးသဖြင့် အမေရိကန်အစိုးရအတွက် နိုင်ငံရေးဝါဒဖြန့်ချိရေး အမြတ်ရဖို့၊ မြန်မာနိုင်ငံကို ဩဇာခံဖြစ်လာဖို့နဲ့ အမေရိကန်သမ္မတနဲ့ လွှတ်တော်အမတ်များအပေါ် အမေရိကန်မဲဆန္ဒရှင်များ ထောက်ခံမှုရဖို့သာ ဖြစ်ပါတယ်။ အဲဒီလို အမေရိကန်ရဲ့ တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့ အရေးယူမှုအပေါ် အာဆီယံနဲ့ အာရှနိုင်ငံတိုင်းလိုလို လက်မခံတဲ့အတွက် မအောင်မြင်နိုင်တာအမှန်ပင် ဖြစ်ပါတယ်။

ကမ္ဘာမှာ အရှေ့အုပ်စုနဲ့ အနောက်အုပ်စုရယ်လို့ တည်ရှိခဲ့တဲ့ စစ်အေးကာလတုန်းကဆိုရင် အမေရိကန်အစိုးရအဆက်ဆက်တို့ဟာ အရှေ့အုပ်စုက ကွန်မြူနစ်နိုင်ငံတွေအပေါ် ဆန့်ကျင့်တဲ့မူဝါဒ ချမှတ်ကျင့်သုံးခဲ့ပေမယ့် တစ်ဖက်မှာတော့ သီးနှံတန်ချိန်သန်းနဲ့ချီပြီး အဲဒီကွန်မြူနစ်နိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချခဲ့ကြပါတယ်။ စစ်ရေးဘက်မှာ အသုံးမပြုနိုင်တဲ့ စက်မှုနည်းပညာတွေကိုလဲ လွှဲပြောင်းရောင်းချခဲ့တဲ့ ဆက်ဆံရေးတစ်ရပ် တည်ရှိခဲ့ကြပါတယ်။

၁၉၇၀ ပြည့်လွန်နှစ်များက အစပြုလို့ ဥရောပနှင့်အာရှရှိ ဆိုရှယ်လစ်နိုင်ငံများဟာ မိမိတို့ရဲ့ စီးပွားရေး၊ နိုင်ငံရေးအခြေအနေတွေ အရေးမလှဖြစ်လာပြီး အရင်းရှင်နိုင်ငံများနဲ့ အလွန်ကွာဟလာခဲ့ပါတယ်။ ဒီအပေါ် ကိုယ်ပိုင်သဘောပေါက်ချက်အသီးသီးနဲ့ ၁၉၇၀ပြည့်လွန်ကာလကုန်ဆုံးချိန်နဲ့ ၁၉၈၀ပြည့်လွန်ကာလများမှာ ပြုပြင်ပြောင်းလဲလာကြပါတယ်။ အခုလိုပြောင်းလဲလာမှုဟာ အမေရိကန်အပါအဝင် အနောက်အုပ်စုနိုင်ငံများရဲ့ အကြိမ်ကြိမ်စီးပွားရေးပိတ်ဆို့ အကျပ်ကိုင်မှုကြောင့် မဟုတ်ဘူးဆိုတာကို အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ကာယကံရှင်နိုင်ငံများရဲ့ ပြည်တွင်းလိုအပ်ချက်ကြောင့်သာ ဖြစ်ပါတယ်။ အရင်းရှင်နဲ့ ဆိုရှယ်လစ်အုပ်စုနှစ်စု ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရာကနေ ပြုပြင်ရေးတွေ သဘာဝကျစွာ ပေါ်ပေါက်လာတာဖြစ်ပါတယ်။

အခုလို ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီဘက်သို့ ပြောင်းလဲလာကြတဲ့ အကွေ့အလှည့်မျိုးတွင် အမေရိကန်နိုင်ငံအဖို့ အသင့်လျော်ဆုံး နိုင်ငံခြားရေးမူဝါဒဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် မာရှယ်စီမံကိန်းနဲ့ ပြာပုံထဲကနိုင်ငံတွေကို ကူညီတဲ့ စီမံကိန်းလို မူဝါဒမျိုးသာ ဖြစ်သင့်ပါတယ်။ ဒီတုန်းက အနောက်ဥရောပ စစ်ဒဏ်သင့်နိုင်ငံတွေဟာ စီးပွားရေးနာလန်ထူလာတာနဲ့အမျှ အရင်းရှင်စနစ်ရဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီကို ဆက်လက်ထူထောင်ဖွံ့ဖြိုးသွားနိုင်ခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ အမေရိကန်နိုင်ငံဟာ အဲဒီတုန်းက ကမ္ဘာစစ်ကြီးကိုလဲ နိုင်အောင်တိုက်ခဲ့ရသလို စစ်ဘေးသင့်နိုင်ငံတွေကို ကူညီပံ့ပိုးနိုင်ခဲ့တဲ့ စွမ်းပကားမျိုးမရှိတော့ပါဘူး။ ဗီယက်နမ်လို ဒေသစစ်ပွဲတစ်ခု ဆင်နွှဲပြီးနောက်ပိုင်းတွင် နှစ်စဉ်ဘတ်ဂျက်လိုငွေပြလာတဲ့ အစိုးရများသာဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေအပေါ်မူတည်ပြီး အမေရိကန် အစိုးရတွေဟာ မာရှယ်စီမံကိန်းထက် ကုန်ကျစရိတ်သက်သာတဲ့ **"လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီနိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ဦးစားပေးလုပ်ဆောင်ရေးဆိုတဲ့ နိုင်ငံခြားရေးဝါဒ"**ကို ကျင့်သုံးလာခဲ့ပါတယ်။ ဒါဟာ အခြေခံစီးပွားရေး ကုန်ထုတ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်အောင် ကူညီမှုမပါတဲ့ အပေါ်ထပ် နိုင်ငံရေးပြုပြင်ပြောင်းလဲဖို့ကိုသာ တွန်းအားပေးတဲ့ နည်းဖြစ်ပါတယ်။ မာရှယ်စီမံကိန်းနဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်တဲ့ အစွန်းရောက် ဒီမိုကရေစီ ပြုပြင်ရေးလမ်း (Ultra Democratic Reforms)သာ ဖြစ်ပါတယ်။

ဒီအမေရိကန်နိုင်ငံခြားရေးမူဝါဒဟာ အမေရိကန်မဲဆန္ဒရှင်များနဲ့ နိုင်ငံတကာပြည်သူများက အမေရိကန်အစိုးရအပေါ် ကယ်တင်ရှင်သဖွယ် ကမ္ဘာ့ဒီမိုကရေစီ ရှေ့ဆောင်ရှေ့ရွက်ကြီးသဖွယ် ထင်မှတ်လာစရာ ရှိပါတယ်။ အမှန်ကတော့ ဒါဟာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး ဗန်းပြပြီး အမေရိကန်တို့ ကိုယ်ကျိုးစီးပွားကို ကြိုးပမ်းနေမှုသာ ဖြစ်ပါတယ်။

တရုတ်ပြည်နဲ့ နှိုင်းယှဉ်ရင် အဲဒီလို အမေရိကန်နိုင်ငံခြားရေးဝါဒကို ထောက်ခံအကောင်အထည်ဖော် ပြောင်းလဲခဲ့ကြတဲ့ အရှေ့အုပ်စုနိုင်ငံတွေမှာ ဒီကနေ့တိုင် စီးပွားရေးအောင်မြင်မှု၊ လူနေမှုမြင့်မားတိုးတက်မှုတွေကို မတွေ့ရသေးပါ။

ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုနဲ့ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးထူထောင်နေတဲ့ တရုတ်ပြည်ကြီးဟာ အမေရိကန်တို့ရဲ့ မူဝါဒနဲ့ ဆန့်ကျင်ဘက်ဖြစ်နေပေမယ့် အမေရိကန်တို့အတွက် အကျိုးဖြစ်ထွန်းတဲ့အတွက် အမေရိကန်အစိုးရ

အောင်မိုးခံ

ဟာ တရုတ်ပြည်နဲ့ စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လုပ်ကိုင်နေပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အမေရိကန်တို့ရဲ့ ဦးစားပေးဟာ အမေရိကန်အကျိုးစီးပွားသာဖြစ်တယ်ဆိုတာကို ရုပ်လုံးပေါ်လာပါတယ်။

ဒီကနေ့ သမိုင်းခေတ်ဟာ ၁၉ရာစုတုန်းက အင်္ဂလန်တစ်နိုင်ငံတည်း ကမ္ဘာ့အရင်းရှင်စနစ်ကို ရှေ့ဆောင်ခဲ့ချိန်၊ ၂၀ရာစုတွင် အမေရိကန် တစ်နိုင်ငံတည်းက ကမ္ဘာ့အရင်းရှင်စနစ်ကို ရှေ့ဆောင်ခဲ့ချိန်မဟုတ်တော့ပါ။ အရင်းရှင်ကမ္ဘာ့ဈေးကွက်ကြီးတွင် အရင်းရှင်အုပ်စုကြီးသုံးစု အားပြိုင်မှု (Tripartite Competition) ပေါ်ထွက်ခိုင်မြဲလာပြီးဖြစ်ပါတယ်။ ဒါတွေကတော့-

(၁) အမေရိကန်အမှူးပြုတဲ့ လက်တင်အမေရိကန်နိုင်ငံများ
(၂) ဥရောပသမဂ္ဂ
(၃) ဂျပန်ရှေ့ဆောင်တဲ့ စက်မှုနိုင်ငံသစ်များ(တောင်ကိုရီးယား)၊ အာဆီယံအဖွဲ့နဲ့ တရုတ်နိုင်ငံများအုပ်စုတို့ ဖြစ်ပါတယ်။

ဒါကြောင့် တစ်ချိန်တုန်းကလို ကမ္ဘာ့ဈေးကွက်ကြီးကို အင်္ဂလန်တစ်နိုင်ငံတည်းက၊ အမေရိကန်တစ်နိုင်ငံတည်းက တစ်သွေးတစ်သံတစ်မိန့် ချုပ်ကိုင်လို့ မရနိုင်တော့ပါ။

ဥပမာအားဖြင့်-အမေရိကန်တို့ ကျူးဘားနိုင်ငံကိုပိတ်ဆို့ရာတွင်လဲ ဥရောပသမဂ္ဂနဲ့ အကြီးအကျယ် သဘောကွဲခဲ့ပါတယ်။ **မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ ပိတ်ဆို့ရာတွင်လဲ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အာဆီယံ**စတဲ့ တတိယအုပ်စု နိုင်ငံများပါဝင်တဲ့ အာရှနိုင်ငံများနဲ့ သဘောကွဲလွဲလျက် ရှိပါတယ်။ အဲဒီလို တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့ အရေးယူမှုနဲ့ ပတ်သက်လို့ အမေရိကန်နိုင်ငံအတွင်းမှာပင် တညီတညွတ်တည်း မဖြစ်တာတွေ့ရပါတယ်။ "၁၉၉၀-၉၆ခုနှစ်ကာလအတွင်း အမေရိကန်က အာဆီယံသို့ ပို့ကုန်ပမာဏဟာ ၁၀၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အမေရိကန်ရဲ့ ပို့ကုန်ဈေးကွက်များမှာ အတိုးတက်ဆုံး ဒေသဖြစ်ကြောင်း၊ ဒါကြောင့် အမေရိကန်ထိပ်တန်းလုပ်ငန်းရှင်များဟာ မိမိတို့ဘာသာ ဒီဒေသကို ခရီးထွက်လာခြင်းဖြစ်ကြောင်း၊ အဲဒီလို အရေအတွက် ၅၀ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ အဖွဲ့က မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် တစ်နိုင်ငံတည်း ပိတ်ဆို့မှုဟာ မှားယွင်းကြောင်း၊ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးသည်သာ အပြောင်းအလဲကို ပေါ်ပေါက်စေနိုင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကူးလူးဆက်ဆံမှုတွေ ပြုနေပါမှ ပြုပြင်ရေးလုပ်လို့ ရနိုင်ကြောင်း" ပြောခဲ့ဖူးပါတယ်။

အမေရိကန်ဘုရှ်အစိုးရဟာ ကမ္ဘာမှာ ဒုတိယရေနံအထွက်ဆုံးဖြစ်တဲ့ အီရတ်နိုင်ငံကို လူအစုလိုက်၊ အပြုံလိုက် သေစေနိုင်တဲ့ လက်နက်တွေရှိတယ်၊ အမေရိကန်တို့ လုံခြုံရေးအတွက် စိုးရိမ်ရတယ်ဆိုပြီး အင်အားသုံးကျူးကျော်စစ်ပွဲ ဆင်နွှဲသိမ်းပိုက်ခဲ့ပါတယ်။ တကယ်တော့ ဒီအကြောင်းပြချက်ဟာ လုံးဝမမှန်ဘူးဆိုတာ ဘူးပေါ်သလိုပေါ်လာပြီ ဖြစ်ပါတယ်။ ဒါဟာလဲ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ အာဏာရှင်ဖြုတ်ချရေးတွေကို အကြောင်းပြပြီး သူတို့ကိုယ်ကျိုးအတွက် အင်အားသုံး ကျူးကျော်စစ်ဆင်နွှဲခဲ့တာသာ ဖြစ်ပါတယ်။ ဒီကနေ့ အီရတ်ပြည်သူတွေဟာ လောကငရဲဘုံကို ရောက်နေသလို ကြုံတွေ့နေရပါတယ်။ အလွန်ပင် စာနာထောက်ထားဖွယ်ကောင်းလှပါတယ်။

ဒါကြောင့် အမေရိကန် နိုင်ငံခြားဆက်ဆံရေးဝါဒကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင်-

(၁) ပိတ်ဆို့ဖြုတ်တောက်ရေး မူဝါဒဟာ မှားယွင်းတဲ့ နိုင်ငံခြားဆက်ဆံရေးဝါဒ တစ်ရပ်ဖြစ်တယ်။ ၂၁ရာစု ကမ္ဘာ့ဈေးကွက်စနစ်ကြီး ပိုမိုအင်္ဂါစုံစွာ ဖြစ်ပေါ်ရေးအတွက် ဆူးငြောင့်ခလုတ်သဖွယ်သာ ဖြစ်တယ်။ လူ့အဖွဲ့အစည်းကို ဘေးသင့်ဝေဒနာပွမ်းတီးစေတဲ့ လမ်းစဉ်သာ ဖြစ်ပါတယ်။
(၂) လက်ရှိ အမေရိကန်ဘုရှ်အစိုးရဟာ လူ့အခွင့်အရေး၊ ဒီမိုကရေစီ ထွန်းကားပျံ့နှံ့ရေးထက် အမေရိကန်ရဲ့ အကျိုးစီးပွားကို ဦးစားပေးနေတာ ဖြစ်ပါတယ်။
(၃) အမေရိကန်ဟာ အာရှဒေသမှာ မဟာမိတ်တွေနဲ့ များစွာသဘောကွဲလွဲမှုမဖြစ်အောင် ရှောင်လွှဲမည်သာဖြစ်ပါတယ်။ ဒါဟာလဲ သူတို့အကျိုးအတွက်ဖြစ်ပါတယ်။

ဒီအပေါ်မှာ လေးနက်စွာ သဘောပေါက်ဆင်ခြင်သိမြင်ပြီး မြန်မာအမျိုးသားအင်အားစုချင်း သင့်မြတ်စည်းလုံးရေး၊ လူ့အဖွဲ့အစည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီရေးကို မဖြစ်မနေ ကြိုးပမ်းသွားဖို့ဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ပြည်သူလူထုကြီးကို ရှေ့ဆောင်စည်းရုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို စည်းလုံးညီညွတ်စွာ ထူထောင်သွားဖို့ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ နိုင်ငံခြားမျှော်စိတ်ကူးယဉ် ဒီမိုကရေစီလမ်းကို ရွေးချယ်နေမယ်ဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီလို အစွန်းရောက် ကျဆုံးမှုတွေသာ ကြုံရပါလိမ့်မယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ရဲ့ စီးပွားရေးပိတ်ဆို့ အရေးယူမှုတိုးမြှင့်လိုက်တာဟာ မြန်မာပြည်သူအကျိုးအတွက် မဟုတ်ဘဲ အမေရိကန်တို့ နာမည်ယူဝါဒဖြန့်ရေး၊ ဩဇာခံလုပ်ရေးအတွက်သာ ဖြစ်တယ်ဆိုတာကို အထူးတလည်တင်ပြလိုက်ရပါတယ်။ ။

အမေရိကန်နိုင်ငံခြားရေးမူဝါဒဟာ အမေရိကန်မဲဆန္ဒရှင်များနဲ့ နိုင်ငံတကာ ပြည်သူများက အမေရိကန်အစိုးရအပေါ် ကယ်တင်ရှင်သဖွယ် ကမ္ဘာ့ ဒီမိုကရေစီ ရှေ့ဆောင်ရှေ့ရွက်ကြီးသဖွယ် ထင်မှတ်လာစရာ ရှိပါတယ်။ အမှန်ကတော့ ဒါဟာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး ဗန်းပြပြီး အမေရိကန်တို့ ကိုယ်ကျိုးစီးပွားကို ကြိုးပမ်းနေမှုသာ ဖြစ်ပါတယ်။

တောင်ဥက္ကလာပမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မြို့နယ်အနေးယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ရုံး၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးအခြေစိုက်ရုံးဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက်က သစ္စာလမ်းနှင့် သုမင်္ဂလာလမ်းဆုံအနီးတွင် ကျင်းပရာ အသင်းဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင်၂၁

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ (၈)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဩဂုတ်၇ ရက် နံနက်၉နာရီတွင် ၁၅၁ လမ်းနှင့် ဗဟိုလမ်းထောင့် ဗိုလ်ရှာမရပ်ကွက် တာမွေမြို့နယ်ရှိ 'ဇ'ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာကန်တော့ခံမည့် အသက်(၇၅)နှစ်နှင့် အထက်သက်ကြီးများ ဩဂုတ်၄ရက်နောက်ဆုံးထား စာရင်းပေးကြရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌဦးအေးလွင် ဖုန်း-၅၄၉၆၉၁၊ ၀၉-၅၀-၁၆၆၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်ဇံ ဖုန်း-၂၉၂၀၈၆နှင့် အတွင်းရေးမှူး ဦးမိုးမြင့် ဖုန်း-၇၀၁၁၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

မိုးစပါးစိုက်ပျိုးပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်သည် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့၌ ဖွင့်လှစ်ထားသော မြေစာရင်းရုံးသို့ ရောက်ရှိ၍ အုပ်ချုပ်ရေးမှူးနှင့် မြေစာရင်းဦးစီးမှူး၊ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လယ်ယာကဏ္ဍ စာရင်းဇယားများ ပုံမှန်ကွင်းဆင်း ကောက်ယူနိုင်ရေးတို့ကို မှာကြားသည်။ ထို့နောက် တံတားမြို့ ရုံးဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တံတားမြို့အတွင်း စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစိုက်ပျိုးပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးပြီး မိုးစပါးစိုက်ဧကမျိုးခွဲများ မှန်ကန်ရေးအတွက် ဝန်ထမ်းများအား ကွင်းဆင်းဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန လေးလပတ်လုပ်ငန်းညှိနှိုင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၁

သမဝါယမဝန်ကြီးဌာန ၂၀၀၄ခုနှစ် ပထမလေးလပတ်သမဝါယမလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

ညှိနှိုင်း အစည်းအဝေးသို့ သမဝါယမဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမပို့ကုန် သွင်းကုန်လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသန်း၊ ဗဟို သမဝါယမအသင်း ဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ သမဝါယမဘဏ်ဥက္ကဋ္ဌနှင့်ဒါရိုက်တာ အဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အောင်မြင်အောင်

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ သမဝါယမကဏ္ဍ စီးပွားရေး စီမံကိန်းများ အောင်မြင်ရန်အတွက် အခြေခံအသင်းများ တောင့်တင်း ခိုင်မာပြီး လယ်ယာအသင်းနှင့် စက်မှုလက်မှုအသင်းများ ဖွံ့ဖြိုးတိုးတက်အောင် စည်းရုံးဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့ ယုံကြည်သည့် သမဝါယမနည်းလမ်းများဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခု အကောင်အထည်ဖော်နေသော ၂၀၀၃-၂၀၀၄ ခုနှစ် စီမံကိန်း ရည်မှန်းချက်များကိုလည်းအပြည့်အဝအကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားကြရန်လိုကြောင်း၊လုပ်ငန်းများကိုအချိတ်အဆက်မိမိ ဆက်စပ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းပြောကြားသည်။

အမှာစကားပြော

ထို့နောက်ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌက ဗဟိုသမဝါယမအသင်း၏ လုပ်ငန်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများက အသင်းစုအလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကိုလည်းကောင်း၊ သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌက ဘဏ်လုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်နှင့်တိုင်း သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများက မိမိတို့ ပြည်နယ်/တိုင်း အလိုက်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ သမဝါယမဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်များမှ ကျောင်းအုပ်ကြီးများက ပညာရေးဆိုင်ရာ အခြေအနေများကို လည်းကောင်း တင်ပြကြရာ သက်ဆိုင်ရာ ဌာနအကြီးအကဲများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်အား လာအိုနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဖုန်ဆာဗတ် ဘိုဖာသည် ယနေ့နံနက် ၁၁နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦး၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထွန်းနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညပိုင်းတွင် လာအိုဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ ဟောပြော

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန သီတာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ တက်ရောက်၍ ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ဝင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်အေး၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၏ဇနီး ဒေါ်ခင်နွယ်နွယ်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် စိန်သောင်းနှင့် ဇနီး ဒေါ်ခင်ဌေးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဆန္ဒအလျောက်

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီက အဖွဲ့ချုပ်ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ ရည်ရွယ်ချက်(၇)ချက်၊ လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းဟောပြောပြီး "အမျိုးသမီးများ ဘဝဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းဆောင်ရွက်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကတစ်တပ်တစ်အား ပူးပေါင်း ပါဝင်ကြရေးနှင့် မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ်လျှောက်ထားနိုင်ကြကြောင်းဖြင့် ရှင်းလင်း ဟောပြောသည်။

လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အဖွဲ့ အကြံပေးပုဂ္ဂိုလ် ဝန်ကြီး၏ဇနီး ဒေါ်ခင်အေးက ဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ်တစ်သိန်းနှင့်အထိမ်းအမှတ် လက်ဆောင်ကို ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီအား ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြတ်မင်္ဂလာ ဇမ္ဗူရတနာ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဇမ္ဗူအေးတိုက် မြတ်မင်္ဂလာ အခြေခံဗုဒ္ဓဘာသာနှင့် နိုင်ငံခြားဘာသာ သင်တန်းနှင့် ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း၏ ပဓာနဆရာတော် အရှင်ဩဘာသအား အမှူးထား၍ ကျောင်းနေ သံဃာတော်များကို ဩဂုတ် ၁ ရက်တွင် ဝါဆိုသင်္ကန်း ဆက်ကပ်မည်ဖြစ်ရာ သင်္ကန်း၊ ထီး၊ ဝါဆိုပန်းနှင့် ဝါဆိုဖယောင်းတိုင် စသည့် လေးပါးသော ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုပါက ကျောင်းအကျိုးတော်ဆောင် ဦးချိုအေး ဖုန်း-၆၉၉၅၁၈၊ ၆၉၉၅၁၁၊ မြတ်မင်္ဂလာကျောင်း ဖုန်း-၆၉၀၄၉၉ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊အမှတ်(၁၃)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၁

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ဦးဟန်ထွန်းတို့၏ဆောင်းပါးများနှင့်အတူ သုတရသဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသော စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၁၃)ကို အမှတ် ၃၈၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်၊ စီးပွားကူးသန်း ဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။

(က-ပ)

ရမ်းဗြဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၁

တိပိဋကဓရ တိပိဋကကောဝိဒ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ကုန္ဒပါလအား အမှူးထား၍ ရန်ကုန်ရောက် ရမ်းဗြဲဇာတိဖွား ကျောင်းထိုင် ဆရာတော်များအား ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)က ပထမအကြိမ် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၃၁ရက်မွန်းလွဲ ၂နာရီတွင် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ရမ်းဗြဲမြို့နယ် အသင်းသူအသင်းသားများနှင့် ကုသိုလ် ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း-၅၄၅၁၃၉၅၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၄၂၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သွေးလွန်တုပ်ကွေးကာကွယ်ရေးကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၁

ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆွေဆွေဝင်း ဦးဆောင်သော ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ ပါဝင်သော အင်အား ၂၄၀ တို့သည် ပဉ္စမအကြိမ် အမျိုးသားအဆင့် ငှက်ဖျားရောဂါ နှိမ်နင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု အစီအစဉ် အရ ဒေါပုံမြို့နယ်အတွင်းရှိ နွယ်အေးရပ်ကွက်နှင့် သဘော်ကျင်းရပ်ကွက်အတွင်း ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးပညာပေးလုပ်ငန်းများကို ဇူလိုင် ၁၇ ရက်နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြရာ ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းကိုပါ ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(က-ပ)

မြစည်းခုံကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက် အမှတ်(၃)ဝိုင်းရှိ မြစည်းခုံကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြသော ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိတသာရ (မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား စိတ်တူ၊ စေတနာတူ၊ သဒ္ဓါတူတပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ (ပထမအကြိမ်)ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆွမ်းခဲဖွယ်လှူဒါန်းမှုအစုစုတို့ကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် (ဩဂုတ် ၁ ရက်)တနင်္ဂနွေနေ့တွင် ၎င်းကျောင်းတိုက်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို ဖုန်း- ၅၆၁၀၈၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

သဲအင်းဂူဝါတွင်းတရားစခန်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၁

ဇလွန်မြို့ မစိုးရိမ်ကျောင်းတိုက် သဲအင်းဂူရိပ်သာအမှတ်စဉ် (၂၅)တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ၁၃၆၆ခု ဒုတိယဝါဆိုလဆန်း ၁၀ ရက်မှ လပြည့်ကျော်၁ရက် (ဇူလိုင်၂၆ရက်မှ ဩဂုတ် ၁ရက်)ထိ ခုနစ်ရက်တိုင်တိုင် တရားစခန်းပွဲ ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယဝါဆိုလပြည့်နေ့ နံနက်တွင် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင်မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာဦးမောင်ကြည်(ပန်းတနော်)က သဲအင်းဂူခန္ဓာကိုယ်တွေ့ ဝိပဿနာတရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်ရာအဓိဋ္ဌာန်ဝင်ယောဂီများသည် ဒုတိယဝါဆိုလဆန်း ၉ရက် ညနေ ၅နာရီတွင် မှတ်ပုံတင်ကတ်များယူဆောင်၍ ကျောင်းတိုက်သို့ လာရောက် စာရင်းပေးသွင်းနိုင်သည်။ အချိန်ပိုင်းအားဖြင့်လည်း တရား အားထုတ်နိုင်ပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်သည်။

(က-ပ)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပုသိမ်တံတားစီမံကိန်း ကြည့်ရှုစစ်ဆေး လုပ်ငန်းခွင်အန္တရာယ်ကင်းရေးနှင့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်-ပုသိမ် လမ်းမကြီး၏ နိုင်လွန်ကတ္တရာခင်းပြီး အပိုင်းများကိုလည်းကောင်း၊ မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရန် လမ်းဘေး ရေနုတ်မြောင်းများ၊ ရေဖြတ်မြောင်းများကို လမ်းမကြီးတစ်လျှောက် ဆောင်ရွက်ထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်းတွင် ပုသိမ်တံတားစီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက တံတားအောက်ထည်ပြီးစီးမှုများနှင့် တံတားအပေါ်ထည် တံတားသံပေါင်များ တပ်ဆင်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးက တံတားလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်တံတားအတွက် လိုအပ်သောတံတားသံပေါင်များ၊ ပင်မကြိုးများနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိနေပြီ ဖြစ်သည်။ ကွန်ကရစ်ကြိုးထိန်းခုံနှစ်ခုကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ကြိုးတံတား၏ပင်မ သံမဏိကြိုးများကို ဆိုင်းနိုင်မည့်အဆင့်သို့ ကွန်ကရစ်သွန်းလောင်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၁ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry က ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စီးပွားရေးလုပ်ငန်းဆိုင်ရာဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ စီးပွားရေးလုပ်ငန်းဆိုင်ရာဟောပြောပွဲကို ဇူလိုင် ၂၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(I.B.C)ပြည်လမ်း ရန်ကုန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ဦးမြတ်သိန်း(ပါမောက္ခချုပ်၊ ငြိမ်း၊ စီးပွားရေးတက္ကသိုလ်)က မြန်မာမဂ္ဂရှိစီးပွားရေး ပတ်ဝန်းကျင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဒေါ်ခင်စန်းရီ(ပါမောက္ခ၊စီမံခန့်ခွဲမှုပညာဌာန စီးပွားရေးတက္ကသိုလ်)က စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ထွင်ဦးစီးမှုခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး ဖုန်း-၅၃၉၄၃၇ နှင့် ၅၁၃၁၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တွင်ခုံဖောက်ခုံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၁

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လုပ်သားများလုပ်ငန်းခွင် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၏ တွင်ခုံဖောက်ခုံသင်တန်းအမှတ်စဉ်(၇) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားသည်။

သင်တန်းတွင်စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေးစက်ရုံများတွင် အသစ်ခန့်ထားသည့် စက်မှုကျွမ်းကျင်ဝန်ထမ်း အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၂၆ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအတွင်း ခရီးသွားလာခြင်းနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံအတွင်း ခရီးသွားလာခြင်းအကောင်းဆုံးစီးပွားရေးအယူအဆနှင့်ပတ်သက်သော နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင် **(အပေါ်ပုံ)**၊ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးနှင့် စီမံကိန်းများဆိုင်ရာ ဥက္ကဋ္ဌ Dr. Chira Hongladarom နှင့် မြန်မာ နိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr.Suphot Dhirakaosal တို့က အမှာစကားပြောကြားကြသည်။

တက်ရောက်

နှီးနှောဖလှယ်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်တက္ကသိုလ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။ နှီးနှောဖလှယ်ပွဲကို ဇူလိုင် ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၁၄ ရက်က မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်းဝင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နာယက မြို့နယ်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြင်လှိုင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက အရိပ်ရပင်နှင့် အလှပင်များ စိုက်ပျိုးကြစဉ်။ (ဝ၅၂)

ရွာရန်ရာနှုန်းပြည့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရခိုင်၊ မွန်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေပြီး ဇူလိုင် ၂၂ ရက် ညနေထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ကျေးရွာတိုင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ရှိရမည်

စာတတ်သူတိုင်း စာဖတ်ဖို့၊

စာကြည့်တိုက်များ ထူထောင်စို့၊

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလှေ့လာစို့

* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၂၁

ဧရာဝတီမြစ်ရေသည် အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ၁၁၀ စင်တီမီတာ(၃ ပေခွဲခန့်) မြင့်တက်လာပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

အလားတူ ချောက်မြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ် ဆက်လက်တက်နေပြီး ယနေ့ မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ ထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ဒုတိယတန်းနှင့် တတိယတန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်း(ခ)အသင်း ဗိုလ်လုပွဲတက်ပြီ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းနှင့် တတိယတန်း (ကွင်းပိတ်) ရှုံးထွက် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) အားကစားကွင်း၌ ကျင်းပရာ စီးပွား/ကူးသန်း(ခ)အသင်းက ရန်ကုန်တိုင်းလူငယ်အသင်းကို လေး ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်း(ခ)အသင်းနှင့် ရန်ကုန်တိုင်းလူငယ်အသင်းတို့သည် အကြိုဗိုလ်လုပွဲဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး ခြေကုန်ထုတ် ကစားရာ အကြိတ်အနယ်ရှိပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ စီးပွား/ကူးသန်း(ခ) အသင်းသည် ပွဲစသည်နှင့်အပေးအယူ အချိတ်အဆက်မိမိဖြင့် ကစားရာ ဂိုးသွင်းခွင့်များ ရရှိခဲ့သည်။ စီးပွား/ကူးသန်း(ခ)အသင်း၏ ကစားကွက်ကောင်းမွန်မှုကြောင့် ရန်ကုန်တိုင်းလူငယ်အသင်း၏ ကွင်းတစ်ဝက်ကို ဖိကစားနိုင်ခဲ့သည်။

ဦးဆောင်ဂိုးသွင်း

စီးပွား/ကူးသန်း (ခ) အသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၆မိနစ်အကြာတွင် ဂိုးဘားတန်းထိပြီး ပြန်ထွက် လာသည့်ဘောလုံးကို တိုက်စစ်မှူး ထူးကျော်က လှလှပပကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ စီးပွား/ကူးသန်း(ခ) အသင်းက ဦးဆောင်ဂိုးရရှိပြီးနောက် အဆက်မပြတ်ထိုးဖောက်ကစားရာ ရန်ကုန်တိုင်းလူငယ်အသင်းခံစစ်ဖြင့် သာကစားနေရသည်။

စီးပွား/ကူးသန်း(ခ)အသင်းအတွက်ဒုတိယဂိုးကို ပွဲချိန် ၁၉မိနစ်တွင် အောင်ရဲထွဋ်က သွင်းယူပေးသည်။ တတိယဂိုးကို ပွဲချိန် ၂၉မိနစ်တွင် တိုက်စစ်မှူးထူးကျော်ကပင် ကန်သွင်းယူခဲ့သည်။

ချေပဂိုး

ရန်ကုန်တိုင်းလူငယ်အသင်းက တန်ပြန်တိုက်စစ်ဖြင့် ထိုးဖောက်ကစားလာရင်း ပွဲချိန် ၄၂မိနစ်တွင် ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ စီးပွား/ကူးသန်း(ခ)အသင်း၏ ပယ်နယ်တီဧရိယာအပြင်ဘက်မှရရှိသော အလွတ်တည်ကန်ဘောကို ဂိုးရှေ့ကန်ပို့ရာ စီးပွား/ကူးသန်း(ခ)အသင်းနောက်တန်းလူ ရှင်းထုတ်ရန်နောက်ကျနေစဉ် ရန်ကုန်တိုင်းလူငယ်အသင်းမှ တိုက်စစ်မှူး အောင်နိုင်ဝင်းက ကန်သွင်းယူခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် စီးပွား/ကူးသန်း(ခ)အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ပွဲသိမ်းဂိုး

ဒုတိယပိုင်းတွင် ရန်ကုန်တိုင်းလူငယ်အသင်းက ချေပဂိုးရရှိရေး အားထည့်ကစားလာရာ သူတစ်ပြန်ကိုယ်တစ်ပြန်ကစားနိုင်ပြီး အကြိတ်အနယ်ရှိလာသည်။ ရန်ကုန်တိုင်းလူငယ်အသင်းမှ အားကစားသမားများ ဥပဒေပြင်ပကြမ်းတမ်းစွာ ကစားလာမှုကြောင့် ဒုတိယပိုင်းပွဲချိန် ၂၅မိနစ်နောက်ပိုင်းတွင် ကွင်းလယ်ဒိုင်လူကြီး ဦးထွန်းထွန်းက အနီကတ်များပြ၍ ပွဲထိန်းခဲ့ရသည်။ ရန်ကုန်တိုင်းလူငယ်အသင်းမှ အားကစားသမားနှစ်ဦး နှစ်ဝါ အနီကတ်ဖြင့်လည်းကောင်း၊ အားကစားသမားတစ်ဦး တိုက်ရိုက်အနီကတ်ဖြင့်လည်းကောင်း ထုတ်ပယ်ခြင်းခံရသည်။

စီးပွား/ကူးသန်း(ခ)အသင်းက တစ်ဖက်အသင်းမှ ကြမ်းတမ်းစွာကစားမှုကို ဘောလုံးပညာဖြင့် ထိန်းသိမ်းကစားသွားရာ ပွဲပြီးကာနီးတွင် တစ်ဂိုးထပ်မံရရှိခဲ့သည်။ စီးပွား/ကူးသန်း(ခ)အသင်းအတွက် စတုတ္ထဂိုးနှင့် ပွဲသိမ်းဂိုးကို ပွဲချိန် ၈၈ မိနစ်တွင် အလယ်တန်းလူ ရာဇာဝင်းသိန်းက သွင်းယူပေးသည်။

ဗိုလ်လုပွဲတက်

စီးပွား/ကူးသန်း(ခ)အသင်းသည် ဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်ရာ ဝီရအသင်းနှင့် အား/ကာသိပ္ပံ(ခ) အသင်း တို့၏ အကြိုဗိုလ်လုပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ဇူလိုင် ၂၆ ရက် ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ဇူလိုင် ၂၃ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) အားကစားကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဝီရအသင်းနှင့် အား/ကာသိပ္ပံ(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

၂၀၀၄ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက်က တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

မိုးရာသီအမျိုးသား၊ အမျိုးသမီး တာဝေးစက်ဘီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ကကြီးမှူး၍ ၂၀၀၄ ခုနှစ် မိုးရာသီအမျိုးသား၊ အမျိုးသမီး တာဝေး(လမ်းမပေါ်) စက်ဘီးပြိုင်ပွဲကို ဩဂုတ် ၇ ရက် နံနက် ၅ နာရီခွဲတွင် ကျင်းပရန် စီစဉ်ထားသည်။

ပြိုင်ပွဲမှာ အမျိုးသား ကီလိုမီတာ ၁၆၀၊ အမျိုးသမီး ကီလိုမီတာ၈၀၊ ရန်ကုန်-ပဲခူး-ရန်ကုန် အသွားအပြန် တာဝေး(လမ်းမပေါ်)ပြိုင်ပွဲဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အောင်ပွဲရ စက်ဘီးအားကစားမောင်မယ်များအား ထိုက်ထိုက်တန်တန် ဆုကြေးငွေများချီးမြှင့်မည်ဖြစ်ရာ ပထမဆုကြေးငွေ ကျပ်ငါးသိန်း၊ ဒုတိယဆုကြေးငွေကျပ်လေးသိန်း၊ တတိယဆုကြေးငွေကျပ် သုံးသိန်း၊ စတုတ္ထဆုကြေးငွေကျပ်နှစ်သိန်း၊ ပဉ္စမဆုကြေးငွေကျပ်တစ်သိန်း အပြင် နှစ်သိမ့်ဆုငါးဆုကို တစ်ဦးလျှင်ဆုကြေးငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

မိုးရာသီတာဝေး(လမ်းမပေါ်)စက်ဘီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဌာနဆိုင်ရာ ကလပ်အသင်းများ၊ ပြည်နယ်နှင့်တိုင်းများမှ စက်ဘီးအားကစားမောင်မယ်များသည် ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးမြင့်ဟန်(သုဝဏ္ဏစက်ဘီးလေ့ကျင့်ရေးကွင်း)သို့ အမည်စာရင်းများ ပေးသွင်းနိုင်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ မေးမြန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းတို့ မန္တလေးမြို့ ဗထူးအားကစားရုံ၌ သရုပ်ပြယှဉ်ပြိုင်စဉ်။ (ဘော်လီဘောအဖွဲ့ချုပ်)

ကျောဖုံးမှ

ချေပဂိုးကို ပွဲချိန်မိနစ် ၉၀ တွင် မိုဟာမက်ဟူဘာလီက ခေါင်းတိုက် သွင်းယူခဲ့သည်။

အိမ်ရှင်တရုတ်အသင်းက အင်ဒိုနီးရှားအသင်းကို အနိုင်ရသော ပွဲစဉ်တွင် တရုတ်အသင်း အတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၅ မိနစ်နှင့် ၆၆ မိနစ်၌ ဆာအိုဂျီယီက နှစ်ဂိုး၊ ပွဲချိန် မိနစ် ၄၀ ၌ ဟိုဟိုင် ဒေါင်ကတစ်ဂိုး၊ ပွဲချိန် မိနစ် ၅၀ ၌ လီမင်းကတစ်ဂိုး၊ ပွဲချိန် မိနစ် ၈၀၌လီယီကတစ်ဂိုးသွင်းယူပေးခဲ့သည်။

အုပ်စု(က)

အုပ်စု(က)တွင် တရုတ်က တစ်ပွဲနိုင်၊ တစ်ပွဲသရေ (၄)မှတ်ဖြင့် ဦးဆောင်လျက်ရှိပြီး၊ အင်ဒိုနီးရှားက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး(၃)မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။ ကာတာက နှစ်ပွဲသရေ (၂)မှတ်၊ ဘာရိန်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး(၁)မှတ်ရရှိထားသည်။ **(မြန်မာ့အလင်း)**

တရားဟောပို့ချမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါး/မြောက်ရပ်ကွက် ရွှေဂုံတိုင်လမ်း ဗန်ဒါပင်မှတ်တိုင် ရွှေဂုံတိုင်ကျောင်းတိုက် ကျောင်းသစ်ကျောင်း၌ အဖျောက်ဆရာတော်(သမင်ခြံ) ကိုယ်တိုင် ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်မှစ၍ ဝါတွင်းကာလတရားတော်များ ဟောပြောပို့ချသွားမည်ဖြစ်ရာ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းသရုပ်ပြယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့်အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းတို့သည် သရုပ်ပြပွဲကစားရန် ဇူလိုင် ၁၅ရက်နံနက် ၆နာရီခွဲက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ ဘော်လီဘောအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းဝင်း (အထွေထွေမန်နေဂျာ၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်)နှင့် အုပ်ချုပ်သူအဖြစ် ဦးစိုးသိမ်း(ဒုတိယညွှန်ကြားရေးမှူး၊အား/ကာ)တို့ဦးဆောင်ပြီး နည်းပြဆရာ သုံးဦး၊ ကစားသမား ၂၄ဦး စုစုပေါင်း ၂၉ဦးလိုက်ပါသွားသည်။

အနိုင်ရရှိ

ဇူလိုင် ၁၅ရက် မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့ ဗထူးအားကစားရုံတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့်အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းတို့သည် သရုပ်ပြပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်း ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း၊ တိုင်းအား/ကာဒုတိယညွှန်ကြားရေးမှူးဦးစိုးညွန့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင် (အား/ကာသိပ္ပံ၊မန္တလေး)နှင့် တာဝန်ရှိသူများ၊ မန္တလေး တိုင်းအား/ကာသိပ္ပံမှ ဦးစီးအရာရှိ၊ နည်းစနစ်မှူးနှင့် ကျောင်းသားကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။ သရုပ်ပြပွဲတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အဖွဲ့ချုပ်လူငယ် လက်ရွေးစင်အသင်းတို့သည် ဇူလိုင် ၁၆ရက်တွင် ကျောက်ဆည်မြို့၌ အားကစားရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သရုပ်ပြပွဲ ကစားခဲ့ကြသည်။

လေ့ကျင့်ပျိုးထောင်

ယခုကဲ့သို့ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သည် သရုပ်ပြပွဲကစားရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘော်လီဘောအားကစားနည်းပျံ့နှံ့မှုရှိစေရန်၊ လူငယ်လူရွယ်များကို ဘော်လီဘောမျိုးစေ့ချပေးနိုင်ရန်၊ ဘော်လီဘောအားကစားနည်းနှင့်လိုက်ဖက်သည့်အရပ်အမောင်းကောင်းပြီး ပင်ကိုဗီဇရှိသည့် မီးခဲပြာဖုံး အားကစားသမားများ ရှာဖွေစုဆောင်းနိုင်ရန်နှင့် ထိုကစားသမားများကို လေ့ကျင့်ပျိုးထောင်၍ ပြိုင်ပွဲများဝင်ရန်တို့ဖြစ်သည်။

(မြန်မာ့အလင်း)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် Export Services & Logistics and Software Fair 2004သို့ တက်ရောက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း ခေါင်းဆောင်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးအောင်ကျော်မင်း၊ မြန်မာစက်မှုဆိပ်ကမ်း (MIP)မှ မန်နေဂျာ ဦးမြတ်ထူးအောင်၊ KMD Computer Centre မှ ဒေါ်ခိုင်သီတာစိုးတို့ ပါဝင်သောအဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။

(က-ပ)

ဂျပန်နှင့်အီရန်တို့ ပွဲဦးထွက်သုံးမှတ်စတင်ရရှိ
တာခ်ျမီနစ္စတန်နှင့် အီရတ်၊ဥဇဘက်နှင့်ဆော်ဒီတို့ ယနေ့ယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါး–မောင်မောင်မြင့်ဆွေ



ရန်ကုန် ဇူလိုင် ၂၁

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲကို တရုတ်နိုင်ငံတွင် ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(ဃ)မှ အဖွင့်ပွဲစဉ်များအဖြစ် ဂျပန်နှင့် အိုမန်၊ အီရန်နှင့် ထိုင်းအသင်းတို့ ဇူလိုင် ၂၀ ရက်က ချုံကင်းအိုလံပစ်စင်တာကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂျပန်က အိုမန်ကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ အီရန်က ထိုင်းကို သုံးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ချုံကင်း အိုလံပစ်စင်တာကွင်း၌ ပထမပွဲစဉ်အဖြစ် ဂျပန်နှင့် အိုမန်တို့ ယှဉ်ပြိုင်သည့်ပွဲတွင် လက်ရှိအာရှဖလားချန်ပီယံ ဂျပန်သည် ပွဲစသည်နှင့် တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၃၃မိနစ်တွင် နာကာမူရာက အိုမန် နောက်ခံလူနှစ်ဦးကို ဖြတ်ကျော်ကာ အိုမန်ဂိုးစည်း၏ ၁၅မီတာအကွာမှ ကန်သွင်းရာ အိုမန်ဂိုးသမား အလီအယ်ဟက်ဆီ ကြိုးစားကာကွယ်သော်လည်း မည်သို့မျှ မတတ်နိုင်ဘဲ ဂိုးပေးလိုက်ရသည်။

ပထမပိုင်းတွင် ဂျပန်တို့ တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားပြီး ဒုတိယပိုင်းတွင် ဂိုးထပ်မံရရှိရေး ကြိုးစားသော်လည်း အိုမန်တို့က ခံစစ်လုံအောင်ကစားပြီး တန်ပြန်တိုက်စစ်ဖြင့် ကစားသဖြင့် ဂျပန်တို့ ဂိုးထပ်မံမရရှိဘဲဖြစ်ကာ ပွဲသိမ်းခဲ့ရခြင်းဖြစ်သည်။ ဂျပန်နှင့် အိုမန်တို့ပွဲတွင် အကောင်းဆုံး ဘောလုံးသမားဆုကို ဂျပန်အသင်းမှ ဆန်ဆူကီနာကာမူရာက ရရှိသွားသည်။

အုပ်စု(ဃ)မှ အီရန်နှင့်ထိုင်းတို့ ချုံကင်းအိုလံပစ်အားကစားကွင်း၌ ဒုတိယပွဲစဉ်အဖြစ် ဇူလိုင် ၂၀ရက်က ကစားခဲ့ရာ ချန်ပီယံအဖြစ် ရေပန်းစားနေသော အီရန်သည် ထိုင်းအသင်းကို ကစားကွက်အသာစီးယူကာ စိတ်ကြိုက်ကစားသွားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အီရန်တို့ ကွင်းတစ်ဝက်ထိ ဖိကစားထားပြီး ထိုင်းဂိုးဧရိယာ အတွင်းထိ ဘောလုံးဆွဲယူကာ အီရန်တိုက်စစ်မှူးများက မနားတမ်း ထိုးဖောက်ကစားရာမှ ပွဲချိန်မိနစ် ၇၀ တွင် အီရန်မှ အီနာရာတီက ဂိုးဧရိယာ အတွင်းစည်းမှ အနီးကပ်ကန်သွင်းယူခဲ့သဖြင့် အီရန်ပထမဂိုး ရရှိသွားသည်။

အီရန်အသင်း စိတ်ကြိုက်ကစားကွက်ဖော်ကစားကာ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားနေရာမှ ပွဲချိန် မိနစ် ၈၀ တွင် အီရန်တို့ ပြစ်ဒဏ်ဘောရရှိရာမှ ထိုင်းဂိုးရှေ့သို့ ကန်တင်ပေးသည့် ဘောလုံးကို အီရန်မှ နီကိုရှုနန်က သွင်းယူခဲ့သဖြင့် ဒုတိယဂိုး ရခဲ့သည်။

ပွဲချိန် ၈၆မိနစ်တွင် ထိုင်းဂိုးဧရိယာအတွင်း ပယ်နယ်တီ ပြစ်ဒဏ်ဘော အီရန်တို့ရရှိရာ အီရန်အသင်း ခေါင်းဆောင် အလီဒါယီက ကန်သွင်းခဲ့သဖြင့် အီရန်တို့ တတိယမြောက်ဂိုး ရရှိခဲ့ခြင်းဖြစ်သည်။

အာရှဖလားပြိုင်ပွဲ အုပ်စု(ဂ)မှ တာခ်ျမီနစ္စတန်နှင့် အီရတ်၊ ဥဇဘက်ကစ္စတန်နှင့် ဆော်ဒီအာရေဗျအသင်းတို့ အုပ်စုပတ်လည် ဒုတိယပွဲများအဖြစ် တရုတ်နိုင်ငံ ချန်ဒူးမြို့ရှိ စီချွမ်စပေါ့တ်စင်တာ အားကစားကွင်း၌ ဇူလိုင်၂၂ရက်**(ယနေ့)**တွင် ကစားရမည်ဖြစ်သည်။

အီရတ်နှင့် တာခ်ျမီနစ္စတန်တို့သည် ပထမပွဲစဉ်အဖြစ် စီချွမ်စပေါ့စင်တာကွင်း၌ ကစားရမည်ဖြစ်ပြီး ယင်းကွင်း၌ပင် ဒုတိယပွဲစဉ်အဖြစ် ဥဇဘက်ကစ္စတန်နှင့် ဆော်ဒီအာရေဗျအသင်းတို့ ကစားကြရမည်ဖြစ်သည်။

အီရန်နှင့်ထိုင်းအသင်းတို့ အုပ်စုပထမပွဲစဉ်အဖြစ် ဇူလိုင် ၂၀ ရက်က ကစားသည့်ပွဲ၌ အီရန်အသင်း ထိုးဖောက်ကစားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်နှင့်တာခ်ျမီနစ္စတန်တို့သည် အုပ်စု(ဂ)ပထမပွဲစဉ်အဖြစ် ဇူလိုင်၁၈ ရက်က အီရတ်သည် ဥဇဘက်ကစ္စတန်နှင့်လည်းကောင်း၊ တာခ်ျမီနစ္စတန်သည် ဆော်ဒီအာရေဗျအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြရာ ဥဇဘက်ကစ္စတန်အသင်းက အီရတ်ကို တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး သုံးမှတ်ရရှိကာ ဆော်ဒီနှင့်တာခ်ျမီနစ္စတန်တို့ နှစ်ဂိုးစီသရေကျပြီး တစ်မှတ်စီ ရရှိထားကြသည်။

ယနေ့ကစားမည့် တာခ်ျမီနစ္စတန်နှင့် အီရတ်တို့ပွဲတွင် တစ်မှတ်ရရှိထားသော တာခ်ျမီနစ္စတန်ကို အမှတ်မရရှိသေးသည့် အီရတ်တို့က အနိုင်ကစားရတော့မည်ဖြစ်သည်။

အာရှဖလားအုပ်စု(ဂ)မှ ပွဲဦးထွက်ဆော်ဒီကို သရေကျအောင်ကစားခဲ့သော တာခ်ျမီနစ္စတန်၏ကစားပုံမှာ အကောင်းချည်းမဟုတ်ပေ။ သို့သော် တာခ်ျမီနစ္စတန် ကစားသမားတို့သည် စိတ်ဓာတ်ကြံ့ခိုင်ပြီး ကြိုးစားအားထုတ်မှုကောင်းသည့်အသင်း ဖြစ်သည်။ အသင်းလိုက်စုစည်း ညီညွတ်မှုရှိကာ တိုက်စစ်ကို ရဲရဲဖွင့်ပြီး ကစားတတ်သည့်အသင်းလည်း ဖြစ်သည်။

တာခ်ျမီနစ္စတန်အသင်းသည် တွန်းတွန်းတိုက်တိုက်ကစားတတ်ပြီး ကွင်းလယ်ကစားမှုလည်းကောင်းမွန်ကာ ရှေ့တန်းတိုက်စစ်မှူးများကို လိုက်ပါအားဖြည့်ပေးနိုင်သူများဖြစ်သည်။ ဆော်ဒီအသင်းကို ပွဲဦးထွက်တွင် အဖွင့်ဂိုးစတင်သွင်းယူနိုင်ပြီး ပွဲအပြီးသရေကျအောင်ကစားခဲ့သဖြင့် တာခ်ျမီနစ္စတန်တို့ စိတ်ဓာတ်မြင့်မားလျက်ရှိသည်။

အီရတ်အသင်းသည် ပွဲဦးထွက် ဥဇဘက်ကစ္စတန်ကို ရှုံးထားသည့်အတွက် အုပ်စုမှတက်ရေးသည် ယခုပွဲတွင် တာခ်ျမီနစ္စတန်ကို အနိုင်ကစားနိုင်မှသာ မျှော်လင့်ချက်ရောင်ခြည်ခပ်ရေးရေးသန်းမည်ဖြစ်ရာ အီရတ်တို့ သရေကျသည့်အဖြစ်မျိုးကိုပင် လက်ခံနိုင်မည်မဟုတ်ပေ။ အနောက်အာရှ၌ ခြေအဆင့်အတန်းမြင့်သည့် အီရတ်သည် အာရှအဆင့်တွင်လည်း တန်းဝင်သည့်အသင်းဖြစ်ရာ အသင်းလိုက်စုစည်းမှု အားကောင်းကောင်းဖြင့် တာခ်ျမီနစ္စတန်အသင်းကို အနိုင်ရအောင်ကစားမှသာ ရှေ့ခရီးလမ်းဖြောင့်ဖြူးမည်ဖြစ်သည်။

ဇူလိုင် ၂၂ရက် **(ယနေ့)**တွင် စီချွမ်စပေါ့တ်စင်တာ၌ ဒုတိယပွဲစဉ်အဖြစ် ဥဇဘက်ကစ္စတန်နှင့် ဆော်ဒီအာရေဗျအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အုပ်စု(ဂ)၌ အုပ်စုဗိုလ်ဖြစ်မည်ဟု နာမည်ကြီးနေသော ဆော်ဒီအာရေဗျအသင်းသည် ပွဲဦးထွက်၌ တာခ်ျမီနစ္စတန်ကို သရေကစားပြီး တစ်မှတ်သာရရှိသေးရာ ယခုဥဇဘက်ကစ္စတန်နှင့်ပွဲတွင် သုံးမှတ်အပြည့်ယူနိုင်မှသာ တော်ရုံကျမည်ဖြစ်ရာ နိုင်ပွဲရရှိရေး အစွမ်းကုန်ကစားရတော့မည်ဖြစ်သည်။

အာရှဖလား ၂၀၀၄ ခြေစစ်ပွဲခြောက်ပွဲနှင့် ပင်လယ်ကွေ့ဒေသဖလားပွဲခြောက်ပွဲမှာလည်း ရှုံးပွဲမရှိ စံချိန်တင်ထားသည့် ဆော်ဒီအသင်းသည် တာခ်ျမီနစ္စတန်နှင့်ပွဲတွင် ကစားကွက်စနစ်တကျမရှိဘဲ ခပ်လေးလေးသာကစားခဲ့သဖြင့် ယခု ဥဇဘက်ကစ္စတန်နှင့်ပွဲတွင် ပုံမှန်ခြေပြန်ရပြီး အမှတ်ပြည့်ရရှိရန် အစွမ်းကုန်ကြိုးစားရမည်ဖြစ်သည်။

ဆော်ဒီနှင့်ကစားမည့် ဥဇဘက်ကစ္စတန်အသင်းမှာ ပွဲဦးထွက်အီရတ်ကို အနိုင်ရရှိသဖြင့် သုံးမှတ်အပြည့်ရရှိထားပြီး အောင်မြင်မှုစိတ်ဓာတ်မြင့်မားနေသည့်အသင်း ဖြစ်သည်။ ဥဇဘက်ကစ္စတန်တွင် ယခုလက်ရှိအာရှဖလားပြိုင်ပွဲဝင်အသင်း၌ ရှားရှားအခြေစိုက်ဘောလုံးသမား ၁၀ ဦးဖြင့် ဖွဲ့စည်းထားပြီး အီရတ်ကို အပေါ်စီးမှကစားကာ အနိုင်ယူထားသည့်အသင်းလည်းဖြစ်သည်။

ဥဇဘက်ကစ္စတန်အသင်း လက်ရှိအနေအထားတွင် ခြေစွာလျက်ရှိရာ ဆော်ဒီအသင်း ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။ မည်သို့ပင်ဖြစ်စေ အုပ်စုဗိုလ်ဖြစ်ရေးအတွက် အရေးပါသော ယခုပွဲတွင် ဆော်ဒီအသင်းသည် အနိုင်ရအောင် ကစားရမည်ဖြစ်ကာ အုပ်စုတက်ရေးအတွက် လိုအပ်သောသုံးမှတ်အပြည့် ရယူရေးကို ဆော်ဒီအသင်း အောင်မြင်စွာ ယူဆောင်နိုင်မှုရှိသည်မရှိသည်ကို စောင့်ကြည့်ရတော့မည်ဖြစ်ပေသည်။ ။**(မြန်မာ့အလင်း)**

တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်
ဝါဆိုသင်္ကန်းဆက်ကပ်အလှူတော် မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၌ ဝါကပ်တော်မူကြမည့် ပဓာနနာယက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D) အမှူးရှိသော သံဃာတော်အပါး ၃၅၀ တို့အား အကျိုးဆောင်များနှင့် အလှူရှင်များစုပေါင်းကာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (၃၁–၇–၂၀၀၄ရက်)စနေနေ့ မွန်းလွဲ ၂နာရီအစား ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၁ရက် (၁–၈– ၂၀၀၄ ရက်)တနင်္ဂနွေနေ့ ညနေ ၃နာရီတွင် သီရိမင်္ဂလာအနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး အရှေ့ဝါယာလက်၂လမ်း၊ ရေကူး+ကမ္ဘာအေး၊ ရန်ကုန်မြို့တွင် ရက်ပြင်ဆင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကိုယ်တိုင်ကပ်လှူ၊တရားတော်နာကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ **တပည့်ဒါယကာ၊ ဒါယိကာမများ။**

ဒေးဒရဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံတော်အစိုးရမှ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူရသော ဒေးဒရဲမြို့နယ်နွယ်ဖွား ဆရာတော်ကြီးများဖြစ်ကြသည့် မရမ်းကုန်းမြို့နယ် ကန်ဦးဇေတဝန်စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနန္ဒသာမိဘိဝံသမထေရ်မြတ်နှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူရသော အလုံမြို့နယ် သစ်တောလမ်း ပါဠိတက္ကသိုလ် အောင်မင်္ဂလာကျောင်းတိုက်သစ် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောသလ္လမထေရ်မြတ်တို့အား ဒေးဒရဲမြို့နယ်သူ၊မြို့နယ်သား၊အသင်းသူအသင်းသားတို့က ဂုဏ်ဝိသိဋ္ဌပူဇာယန မင်္ဂလာပူဇော်ပွဲ အခမ်းအနားနှင့် ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပမြဲဖြစ်သည့် တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ၊ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ဒေးဒရဲမြို့နယ်အသင်းဓမ္မာရုံကျောင်းတော်ကြီးအား ရေစက်ချလှူဒါန်းခြင်း မင်္ဂလာအခမ်းအနားတို့ကို အမှတ် ၅၇ အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)ဓမ္မာရုံကျောင်းတွင် ဒုတိယဝါဆိုလဆန်း ၉ရက် (ဇူလိုင် ၂၅ ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီခွဲ၌ ကျင်းပမည်ဖြစ်သည်။

ဒေးဒရဲမြို့နယ်သူမြို့နယ်သားများ၊ ဓမ္မာရုံကျောင်းတော်ကြီးအလှူရှင် ဒါယကာ ဒါယိကာမများ၊ အသင်းသူအသင်းသားများသည် ပေးပို့သည့်ဖိတ်ကြားလွှာများ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများ၊ အလှူငွေများကို နီးစပ်ရာ အသင်းအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

(က–ပ)



နှင့်၂၅ ရက်က ဟိုပင်မြို့ မြသီတာ ရပ်ကွက်တွင် ငွေကျပ်သိန်း ၄၀တန် မေတ္တာရိပ် အခမဲ့ ဆေးကုခန်းအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ အလှူရှင်ဦးဝင်းမြင့်ကဆေးခန်းအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စုပေါင်း စိုက်ပျိုး

ဇွန် ၂၆ ရက်က နေပြည်တော်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်စိုက်ပွဲတော် ကျင်းပရာ နေပြည်တော်မြို့အောင်ချမ်းသာ ပရဟိတကျောင်း အတွင်းအပြင်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

(ဝ၈၅)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားမြဝတီမြို့၌ကျင်းပ

မြဝတီ ဇူလိုင် ၁၂

ကရင်ပြည်နယ် မြဝတီမြို့တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင်၃ရက် နံနက်၉ နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပရာ မြဝတီခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးနှင့် မြဝတီခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အခမ်းအနားတွင် မြဝတီခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးက မြဝတီခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ၂၀၀၄ခုနှစ် အမျိုးသမီးစွမ်းဆောင်ရှင်ဆု ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး **(ယာပုံ)** မြန်မာနိုင်ငံအမျိုးသမီးများနေ့စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများ၊ ကြက်ခြေနီတပ်ဖွဲ့တွင် ထူးချွန်စွာဆောင်ရွက်သူများနှင့် ထူးချွန်စွာ အောင်မြင်သူကျောင်းသားများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၂၂၂)

ပန်းအလှပင်များစုပေါင်းစိုက်ပျိုး

မိုးကောင်း ဇူလိုင် ၅

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်း များသည် ဌာနစိတ်အလိုက် ဇွန်၂၂ရက်က ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းကို မိုးကောင်း တံတားထိပ်၌ ဆောင်ရွက်ကြရာ ဒုတိယဦးစီးမှူး ဦးအောင်ဆွေကြီးကြပ်ဆောင်ရွက်ပေးသည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

အင်းတော် ဇူလိုင် ၁

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးထံမှ ပေးပို့သောအပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက ဖတ်ကြားသည်။

ထို့နောက်မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးခင်မောင်ညွန့်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်လှကြည်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ပြုံးတို့ကမူးယစ်ဆေးဝါးသုံးစွဲမှု၏ကြောက်မက်ဖွယ်ရာအန္တရာယ်များနှင့် သိမှတ်ဖွယ်ရာများကို ပညာပေးဟောပြောကြသည်။ (၁၃၃)

မိုးညှင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ထူးချွန်အသင်းခွဲများဆုချီးမြှင့်

မိုးညှင်း ဇူလိုင် ၁၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများ၏ (၁၄)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်၂ရက်က မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ကြင်ရှိန်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေး ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဖတ်ကြားတင်သွင်းပြီး ရှေ့လုပ်ငန်းစဉ်များကို ဆုံးဖြတ်အတည် ပြုကြသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်များက ကျပ် ၅၂၃၀၀ ပေးအပ် လှူဒါန်းရာ မြို့နယ်အသင်းတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဂုဏ်ပြု

ထို့နောက် ၂၀၀၃ခုနှစ် အတွင်း ထူးချွန်စွာဆောင်ရွက်ခဲ့ကြသော မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲများဖြစ်သည့် ပထမ လုံးတုံကျေးရွာ (အင်းတော်ကြီးဒေသ)အသင်းခွဲ၊ဒုတိယ အရှေ့စု (၂)ရပ်ကွက် အသင်းခွဲ၊ တတိယမြို့မ (၁)ရပ်ကွက်အသင်းခွဲနှင့် အထူးဆုရရှိသော အသင်းခွဲခြောက်သင်း တို့ကို မြို့နယ်အသင်းတာဝန်ရှိသူတို့ က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ **(၁၅၂)**

အရိပ်ရအပင်များ မန်စီမြို့၌စုပေါင်းစိုက်ပျိုး

မန်စီ ဇူလိုင် ၉

မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဇူလိုင်၂ရက်ကမြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကမြို့ပေါ်လမ်းဘေးဝဲ/ယာတွင်အရိပ်ရသစ်ပင်ပေါင်း ၄၀၀ကျော် စိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးမိုးလွင်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဆွေတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ဇူလိုင် ၃ ရက်က ပေါက်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးအေးထွန်းစိုးနှင့် ဝန်ထမ်းများ၊ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ဗိုလ်ချုပ် လမ်းတွင် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နှင့်၃၀ရက်က မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် ပညာ့သိပ္ပံလမ်း ဘေးဝဲယာ တစ်လျှောက်တွင် ပန်းအလှပင်များစိုက်ပျိုးမှုကို မြို့နယ်ဦးစီးအရာရှိ ဒေါ်ယမင်းနွယ်နှင့် အဖွဲ့ ဝန်ထမ်းများက စိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးအောင်ချင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင် ၁၀ရက်က ဖျာပုံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ပထမလမ်း၊ ဒုတိယလမ်းနှင့် သီရိမြိုင်လမ်းဘေးရှိ ရေမြောင်းများ တူးဖော်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ ဒုတိယလမ်း တူးဖော် ရှင်းလင်းမှုကို အမှုဆောင်အရာရှိ ဦးမြတ်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၈)

မြို့သာယာလှပရေးဆောင်ရွက်

ကလော ဇူလိုင် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှသည် တာဝန်ရှိသူများ လိုက်ပါလျက် မြို့သာယာလှပရေးအတွက်ဆောင်ရွက်ကြသည့် မြို့တွင်းလမ်းများ၊ ပြည်ထောင်စု လမ်းမကြီးနှင့် တက္ကသိုလ်လမ်းတစ်လျှောက် လမ်းလယ်ကျွန်းများ ပြုလုပ်ခြင်းနှင့် ပန်းခြံများတွင် ပန်းများ ပြုပြင်ခြင်း လုပ်ငန်းများကို ဇွန် ၂၂ ရက် နံနက်က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(၄၀၈)**

ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရှိ ရပ်ကွက်၊လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ မြို့ပေါ်ရှိ ရပ်ကွက်များတွင် ရေစီးရေလာကောင်းမွန်ရန် စက်ယန္တရားများဖြင့်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့ ဇူလိုင် ၇ ရက်က အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (၂၄၀)

ကမ္ဘာ့အမျိုးသမီးဘော်လီဘောပြိုင်ပွဲ တရုတ်အသင်းကအီတလီကိုနိုင်

ဟောင်ကောင် ဇူလိုင် ၁၉

တရုတ်အမျိုးသမီး ဘော်လီဘောအသင်းသည် ၂၀၀၄-ဟောင်ကောင်ကမ္ဘာ့ဂရင်းပရစ်ဇ် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် အီတလီအသင်းကို တနင်္ဂနွေနေ့က သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ၂၀၀၄ ကမ္ဘာ့ဂရင်းပရစ်ဇ် ဘော်လီဘောပြိုင်ပွဲတွင် အုပ်စုသုံးစုဖြင့် အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ အကောင်းဆုံးလက်ရည်စစ်အောင်သော အသင်းခြောက်သင်းကို နောက်ဆုံးပွဲစဉ်များအဖြစ် အီတလီနိုင်ငံ ရက်ဂျီယိုကယ်လာဘရီယာ၌ ဩဂုတ် ၁ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကမ္ဘာ့ တစ်လွှား အား က စား

ကမ္ဘာ့နံပါတ်(၁) တိုက်ဂါးဝုဒ် ဗြိတိသျှအိုးပင်းဖလားချိန်ရွယ်

ထရုန်း(စကော့တလန်) ဇူလိုင် ၁၉

ကမ္ဘာ့နံပါတ် (၁) တိုက်ဂါးဝုဒ် **(ယာပုံ)**သည် တနင်္ဂနွေနေ့က ဗြိတိသျှအိုးပင်းနောက်ဆုံးဗိုလ်လုပွဲ ဖိုင်နယ်တွင် နဝမမြောက်အဓိက ဖလားကြီးတစ်ခုအတွက် ပထမဆုံးသုံးကျင်းကို ရိုက်ခဲ့သည်။ အသက် ၂၈ နှစ်အရွယ်ရှိ အဆိုပါ ဂေါက်သီး ရိုက်သမားသည် ၂၀၀၀ ပြည့်နှစ်က စိန့်အင်ဒရူး၌ချန်ပီယံဖြစ်ခဲ့သူဖြစ်သည်။

အဆိုပါနောက်ဆုံးဂေါက်သီး ရိုက်ပွဲစဉ်သည် ပါဝင်ယှဉ်ပြိုင်ကြသည့် နာမည်ကြီးများအဖို့ စိတ်လှုပ်ရှားဖွယ်ရာ အထွတ်အထိပ်သို့ ရောက်ရှိနေပြီဖြစ်သည်။

အမေရိကန်မှ ကယ်ကာဗက်စ်ချီယာသည် ၁၉၈၉ခုနှစ်က ထရုန်း ချန်ပီယံဖြစ်ခဲ့သည်။ အမေရိကန်မှ ဟာမီကန်သည် နောက်ဆုံးနေ့တွင် ဦးဆောင်လျက်ရှိသည်။ ကမ္ဘာ့နံပါတ် (၂)အဆင့်ရှိ အာနိုင်းအယ်လ်စ်သည် အမေရိကန်မာစတာချန်ပီယံဖေးလ်မိုက်ကယ်ဆန်နှင့် ယူအက်စ်အိုးပင်းချန်ပီယံ ရာတီဂူဆင်တို့နှင့်အတူ အခွင့်ကောင်းကို စောင့်မျှော်နေကြသည်။ **အမ်အင်အေ၊ရိုက်တာ။**

မိုးရာသီ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ စုပေါင်းတူးဖော်

ကော့သောင်း ဇူလိုင် ၅

ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကော့သောင်းမြို့ပေါ် ရပ်ကွက် ၁၀ ရပ်ကွက်တွင် မိုးရာသီရေစီးရေလာကောင်းမွန်စေရန် မြို့ပေါ်ရပ်ကွက်ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ ဇွန် ၁၉ ရက်က မြို့နယ်လုံးကျွတ် ရေနုတ်မြောင်းတူးဖော်ကြသည်။

အဆိုပါဆောင်ရွက်ရာသို့ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် သက်ဆိုင်ရာ ရပ်ကွက် ဥက္ကဋ္ဌများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

အိုလံပစ်အားကစားပွဲတော် ယှဉ်ပြိုင်ရာသို့ အီဂျစ်အားကစားဝါသနာရှင်အများအပြား သွားရောက်မည်

ကိုင်ရို ဇူလိုင် ၁၉

ကိုင်ရို အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အိုလံပစ်အားကစားပွဲများတွင် ပါဝင် ယှဉ်ပြိုင်ကြမည့် အီဂျစ် အမျိုးသား အသင်းများကို အားပေးရန် ထောင်ပေါင်းများစွာသော အားကစားဝါသနာရှင်များကို အေသင်သို့ ပို့ဆောင်ပေးလိမ့်မည်ဖြစ်ကြောင်း မီနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အီဂျစ် လေဆိပ်တာဝန်ရှိသူများသည် အီဂျစ်ရှိ ဂရိသံရုံးမှတာဝန်ရှိသူများနှင့်တွေ့ဆုံရာ၌ ဩဂုတ် ၁၃ ရက် အားကစား ဝါသနာရှင်များ လုံခြုံဘေးကင်းစွာ ရောက်ရှိရေးအတွက် ဆွေးနွေးခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကျေးလက် သတင်း နှင့် မြင်ကွင်း

အများပြည်သူ အသိပညာနှင့် ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရေး မြို့နယ်စာကြည့်တိုက်များသို့ စာအုပ်များဖြည့်တင်းပေးလျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူ အသိပညာဖွံ့ဖြိုးကြွယ်ဝစေရေး၊ အထွေထွေဗဟုသုတ တိုးပွားစေရေးနှင့် မျိုးချစ်စိတ်ဓာတ်ထွန်းကားပြန့်ပွားစေရေးအတွက် မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်များတို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံ စာအုပ်များကို စဉ်ဆက်မပြတ် ဖြည့်တင်းပေးလျက်ရှိသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များသို့ ၁-၁-၂၀၀၄ ရက်မှ ၃၀-၆-၂၀၀၄ ရက်နေ့အတွင်း ပေးပို့ခဲ့သော စာအုပ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	စာအုပ်အမည်	စာရေးသူ
၁။	ကလေးများအတွက်စွယ်စုံကျမ်း	ဒေါက်တာကိုကိုကြိုင်
၂။	ကမ္ဘာကျော်ကြားစာနှင့်စကား	ခင်မျိုးချစ်
၃။	ကျန်းကျန်းမာမာ အသက် (၁၀၀)	မောင်မောင်လှိုင် (အပ်စိုက်ကု)
၄။	ခေါင်းဆောင်သူ၏လက္ခဏာများ	ချစ်နိုင် (စိတ်ပညာ)
၅။	ငန်းတို့ပျံသန်းလေရာကဗျာစု	ထီလာစစ်သူ
၆။	စုစုစည်းစည်း စည်းစည်းဝေးဝေး	ခင်မောင်ညို(ဘောဂဗေဒ)
၇။	စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့်တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဆင်းပွဲများ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းများ (၁၉၉၉မှ ၂၀၀၄)	
၈။	ဆုံးဖြတ်ရမည့်ဆုံးဖြတ်ချက်များ	ခင်မောင်ညို(ဘောဂဗေဒ)
၉။	တပ်မတော်နေ့(တော်လှန်ရေးနေ့)စစ်ရေးပြ အခမ်းအနား၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိန့်ကြားသည့် မိန့်ခွန်းများ (၂၀၀၀ပြည့်နှစ်(၅၅)နှစ်မြောက် တပ်မတော်နေ့မှ ၂၀၀၄ ခုနှစ်၊(၅၉)နှစ်မြောက် တပ်မတော်နေ့အထိ)	
၁၀။	တိုက်ပွဲဝင်အမေ	တင်မောင်မြင့်
၁၁။	ထာဝရအောင်မြင်ရေးနီတိများ	တူဒေးအယ်ဒီတာအဖွဲ့
၁၂။	နှလုံးသားမြို့ဟောင်းတစ်နေရာနှင့် အခြားဝတ္ထုတိုများ	ခင်ခင်ကျော်(ပညာရေး)
၁၃။	နှင်းဆီညနှင့်အခြားလူငယ်ဝတ္ထုတိုများ	စိုးတင့်ထူး
၁၄။	နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး"ပုဂံလူထုအစည်းအဝေး"	ပြန်/ဆက် စာတည်းအဖွဲ့
၁၅။	နွေတံခါး	မောင်ထွန်းသူ
၁၆။	ပရိသတ်ရှေ့မှာဟောပြောနည်း	လယ်တွင်းသားစောချစ်
၁၇။	ပင်လယ်ပျော်မော်ကင်း	တက္ကသိုလ်ကိုလတ်
၁၈။	ပညာသိုက်	သိုက်စိုး
၁၉။	ပန်းပျိုးအလှပန်းအလှ	သန်းအောင်(အညာမြေ)
၂၀။	ပုဂံအနောက်ခရီးတစ်ခေါက်	ဒေါက်တာသက်လွင်
၂၁။	ဖယောင်းရုပ်နှင့်သံသွန်းရုပ်ပြဇာတ်များ	ဇင်မင်း(သမိန်ထော)
၂၂။	ဗုဒ္ဓသာသနာကိုကမ္ဘာကသိစေခဲ့သော မြန်မာများ	မောင်ဇေယျာ
၂၃။	မမအင်ဂျင်နီယာနှင့်ရတနာပန်းကလေးများ	ဇေယျာမျိုး
၂၄။	မန္တလေးလမ်းညွှန်(၂၀၀၄)	။
၂၅။	မြေတူမြို့	မောင်ကျော်ရှင်း
၂၆။	မြို့ပြမြေယာဈေးကွက်နှင့်ဆွဲဆောင်မှုများ	မောင်နိုင်မြင့်
၂၇။	မြန်မာနိုင်ငံငှက်များ	ကျော်ညွှန့်လွင်+ခင်မမလွင်
၂၈။	မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်	ထီလာစစ်သူ
၂၉။	မြန်မာ့မှတ်သုံ	နိုင်ရွှေမိုး
၃၀။	ယနေ့မြန်မာအတွဲ(၆)အမှတ်(၃) အတွဲ(၇)အမှတ်(၁)	ပြန်/ဆက် စာတည်းအဖွဲ့
၃၁။	ရဲရဲရင်ဆိုင်ဖြတ်သန်းခြင်း	ချစ်နိုင်(စိတ်ပညာ)
၃၂။	ရန်ကုန်လမ်းညွှန်(၂၀၀၄)	။
၃၃။	လောကဝတ်နှင့်အောင်မြင်သူတို့ရဲ့အမူအကျင့်	ကိုနေ(မန်း)
၃၄။	လူကောင်းလူတော်မှန်းရည်မျှော်	ဒေါက်တာအောင်ကျော်
၃၅။	သူတို့ဘာကြောင့်အောင်မြင်	ပြန်/ဆက် စာတည်းအဖွဲ့
၃၆။	သူတို့နှင့်ကျွန်တော်	အောင်သင်း
၃၇။	AIDS to Learner's of English	Htin Lin
၃၈။	Myanmar Today Vol (6), No (3) Vol (7), No (1)	ပြန်/ဆက် စာတည်းအဖွဲ့

မြန်မာ အမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို အထက (၁) ပျဉ်းမနားတွင် ဇွန် ၃၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူးဒေါ်မူမူအောင်နှင့်အဖွဲ့ဝင်များကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၀၉၉)

စပါးစိုက်ပျိုးရေးနှင့် ငါးမွေးမြူထုတ်လုပ်ရေး စစ်ကိုင်းတိုင်း ရေဦးမြို့နယ်တွင် တာဝန်ပေးအပ်

ရေဦး ဇူလိုင် ၂၀

စပါးစိုက်ပျိုးရေး၊ ငါးမွေးမြူထုတ်လုပ်ရေးစီမံကိန်းတာဝန်ပေးအပ်ပွဲကို ရေဦးမြို့ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇူလိုင် ၁၃ရက် နံနက် ၉နာရီကကျင်းပရာ စစ်ကိုင်းတိုင်းငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် ရွှေဘိုခရိုင်၊ ကသာခရိုင်နှင့် မုံရွာခရိုင်တို့မှ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးများ၊ ရေဦးမြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စပါး၊ ငါးတိုးချဲ့မွေးမြူစိုက်ပျိုးထုတ်လုပ်ရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ကျေးရွာဥက္ကဋ္ဌများနှင့် တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်နှင့် ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းတို့ကအမှာစကားပြောကြားသည်။ ထို့နောက် ကသာခရိုင်ငါးလုပ်ငန်း ဦးစီးမှူးဦးလှထွန်းက စပါးခင်းများထဲတွင် ငါးသားပေါက်များ ထည့်၍ မွေးမြူနည်းလုပ်ငန်း အသေးစိတ်ကို တောင်သူများအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ရွာမိဿာကွင်း အမှတ်(၂၁၆၆)ရှိ စီမံကိန်းလျာထားချက် လယ်မြေ ၅၄ဧကတွင် စပါး၊ ငါး ဆောင်ရွက် လုပ်ကိုင်မည့် ရွာမိဿာရွာမှ တောင်သူ ၂၉ဦးတို့ကို စီမံကိန်းတာဝန်ပေးအပ်လိုက်ကြသည်။**(၃၇၈)**

ဇူလိုင် ၂ရက်က ချင်းပြည်နယ် မတူပီမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးမင်းလတ်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင် ၃ ရက်က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးထံမှ သဝဏ်လွှာကို တိုင်းသမဝါယမဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းက ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဇူလိုင် ၁၀ရက်က ပဉ္စမအကြိမ် အမျိုးသားငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် မြို့နယ်အဆင့် ဖွင့်ပွဲအခမ်းအနားကို မော်ဘီမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာကျော်ကျော်က ရှင်းလင်းဆွေးနွေးစဉ်။ (က-ပ)

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ဟိုပင် ဇူလိုင် ၇

ဟိုပင်မြို့ စည်ပင် သာယာရေးအဖွဲ့မှ မြို့ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြသီတာရပ်ကွက်နှင့် မြဇေယျာရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်းနှင့် တိမ်ကောနေသည့် ရေနုတ်မြောင်းများ တူးဖော်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဇူလိုင် ၂ ရက်က စုပေါင်းဆောင်ရွက်ကြရာ အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်၊ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဇူလိုင်၁၀ရက်က အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စိမ်းလန်းသာယာလှပရေး၊ လမ်းဘေးဝဲယာသန့်ရှင်းရေး၊ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြရာရပ်ကွက်ဥက္ကဋ္ဌ ဦးညာဏ်မြင့်ဦး ဆောင် သော အသင်းအဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ အုတ်တွင်းမြို့ ဈေးပိုင်းရပ်ဓမ္မစေတီလမ်းနှင့် သခင်မြလမ်းဘေးဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲပခုက္ကူမြို့၌ကျင်းပ

ပခုက္ကူ ဇူလိုင် ၅

ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၄/၂၀၀၄) သင်တန်းဆင်းပွဲကို ဇွန် ၂၅ ရက်က ပခုက္ကူမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းပထမဆုကို ဒေါ်လွင်မာဝင်း၊ ဒုတိယဆုကို ဒေါ်မြသီတာလွင်နှင့် တတိယဆုကို ဒေါ်မြတ်သက်မာတို့အား သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် သင်တန်းမှူးဒေါ်သန်းသန်းတင်က သင်တန်း ဆင်းအောင်လက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ်များအား ပေးအပ်ကြသည်။ **(၄၁၃)**

ဇူလိုင် ၆ရက်က လက်ပံတန်းမြို့-မြို့မဈေးအတွင်းရှိ စားသောက်ဆိုင်များနှင့် အသားရောင်းဆိုင်များ ယင်လုံဆန်ကာဖြင့် ရောင်းချမှုကို လက်ပံတန်းမြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိဦးနေမန်းနှင့် ဒုတိယဦးစီးမှူး ဦးသိန်းစိုးတို့က ကွင်းဆင်းကြီးကြပ်စစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၂၃-၇-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
(မြစိမ်းရောင်ထဲက မြစိမ်းရောင်)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ
(ဆေးဖက်ဝင်မန်ကျည်းပင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ
(ဒိုင်းသဖွယ်)
၁၃း၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း
(သူစိမ်းပေမယ့်)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)လူရေးကျယ်စွာ အဖြာဖြာ
(ခေါင်းကြီး)
(၂)မိသားစုညနေခင်းများ
(ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ
(ကောင်းကင်က နတ်မျက်စိ-မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့
(ဥက္ကလာတေး-ကာလပေါ်အဖွဲ့)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းကောင်စီကတိသစ္စာခံယူပွဲနှင့် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၇ရက်က အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်အင်(န်)ဂျီးတောင် အမှာစကားပြောကြားစဉ်။ (၃၀၆)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း၊ ပြည်မြို့နယ် ကင်မွန်းချုံရွာနေ
ဦးအာဝါး-ဒေါ်လှတို့၏သားထွေး
ဗိုလ်ကြီးမျိုးမြင့်လေး
B.E(EC), DSTA
M.E(Automation & Electronics), ME Ph I
နှင့်
ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်း အမှတ်(၂၆/၁၂)နေ
ဦးစိုးတင့်-ဒေါ်တင်တင်မြင့်တို့၏ သမီး
မအေးမြတ်စိုး
B.Sc(Hons) Chemistry,A.C.C.A(UK),
D.A,D.M.A, D.B.A

တို့၏ ၁၈-၇-၂၀၀၄ ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ၌ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးဗိုလ်ချုပ်သိန်းထွန်းနှင့်ဇနီးဒေါ်မြမြဝင်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ၁၅-၇-၂၀၀၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင်ဒေါ်ရီရီသန့်၊ The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မအေးယုယုမင်း၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မမေမီကျော်ခိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအိအိခိုင်၊ သတို့သားအရန် ဗိုလ်ကြီးမြစန်း၊ သတို့သမီးအရန် မစုလေးညိုတို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးသော ပွင့်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မမဥ္ဇူ၊ ဓာတ်ပုံဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ မေတ္တာဖြင့် Video မှတ်တမ်းတင်ရိုက်ကူးပေးသော MRTV အဖွဲ့အားလည်းကောင်း၊ ပန်းအလှပြင် Eternal Flowers မှ မနီလာအားလည်းကောင်း၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမျိုးမြင့်လေး-မအေးမြတ်စိုး။

မင်္ဂလာဦးဆုတောင်း

ညီလေး ဗိုလ်ကြီးမျိုးမြင့်လေးနှင့် ညီမလေး မအေးမြတ်စိုးတို့၏ မင်္ဂလာဦးမှသည် ဘဝတစ်လျှောက်လုံး အတူတကွ ပေါင်းဖော်လက်တွဲပြီး သာယာပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို တည်ဆောက်နိုင်ကြပါစေ။

အစ်ကိုကြီး ဦးပြည့်စိုး-အစ်မ မယဉ်မြတ်စိုး(ခ)မစန္ဒာ
(Royal Golden Pearl Co.,Ltd.)
တူလေး-မောင်ကောင်းမြတ်စိုး(အထက-၁၊ ဒဂုံ)
တူမလေး-မသင်းရတနာစိုး။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်ရတနာရိပ်မွန်အိမ်ရာ (၁)လမ်း၊ ခြံအမှတ်(၆)နေ
ဦးသိန်းဝင်း (အထွေထွေမန်နေဂျာ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း)-ဒေါ်ကြည်ကြည်သော်
တို့၏သား
မောင်ကျော်မြတ်သော် (ခ) တေးသံရှင် ခိုင်မြသာ
B.C. Tech (Hons), M.C. Tech(Thesis), UCSY
(Dip Audio Engineering), CMTC, SAE (Myanmar)
နှင့်
ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း အမှတ် ၂၀၁-၄(ခ)နေ
ဦးရဲမြင့် (ညွှန်ကြားရေးမှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန) -
ဒေါ်ဆွေဆွေဝင်း [J.A.T အလက(၃)ဒဂုံ]
တို့၏သမီးဦး
မနှင်းအိခိုင် B.Sc (Botany)
ကမ္ဘောဇဘဏ်(ရုံးချုပ်)

တို့၏ ၁၈-၇-၂၀၀၄ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့်ဇနီး ဒေါ်ဝေဝေသင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းအားလည်းကောင်း၊ ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ကူညီဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်စိမ်းမို့မို့၊ မေတ္တာဖြင့် တီးခတ်ပေးသော အလင်္ကာတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မိတ်ကပ်ဆံပင်နှင့် ပန်းအလှပြင်ပေးသော မုဏ်းကိုနှင့်အဖွဲ့၊ သတို့သားအရန် မောင်ကိုကိုဝင်းနှင့် သတို့သမီးအရန် မဖြူသဲနွယ်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မသီရိဇော်ဝင်း၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ကိုကိုဖက်ရှင်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ပေးသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မြတ်သော်(ခ) တေးသံရှင် ခိုင်မြသာ-မနှင်းအိခိုင်။

အမည်ပြောင်း

အဖဦးအောင်မြတ်ကျော်၏သမီး အလက(၂)သဃ်န်းကျွန်း၊သတ္တမတန်း (က)တွင် ပညာသင်ကြားနေသော မယုနီယံအား သန်းခေါင်စာရင်းပါ အမည်အရ မရွှေလုရီဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

အဖဦးလှဝင်း၏သမီး အထက(၃) မင်္ဂလာတောင်ညွန့်မြို့နယ် Grade 11 B မှ မနီလာအေးအား မဟာန်နီချို ဟု ပြောင်းလဲခေါ်ပါရန်။

မဟာန်နီချို။

ခြံရောင်းမည်

ဘောက်ထော်-ဓမ္မာရုံလမ်း
၄၂ ပေ X ပေ ၁၆၀၊
ဖုန်း-၅၄၉၁၂၄၊ ၅၄၈၁၂၂။

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်သန်းထွန်း (PTNW-၀၀၃၁၃)နှင့် မောင်ဒရမ်းကူးမား (PTNW-၀၀၃၂၅) တို့သည် ဖခင်၏ဆုံးမမှုကိုမနာခံဘဲ မိမိ၏သဘောအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သဖြင့် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်မယူပါ။ **ဖခင် ဦးရမ်းဒယား(ပန်းတနော်)။**

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်ဉာဏ ၉/လဝက(နိုင်) ၁၁၇၆၂၆ သည် မိဘစိတ်ဆင်းရဲအောင် ပြုမူပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

၎င်းနှင့်ပတ်သက်သည့်ကိစ္စ လုံးဝ (လုံးဝ) တာဝန်မယူပါ။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)

ဦးသန်းထွေး
၆/လလန(နိုင်) ၀၄၈၉၄၄
ဒေါ်ခင်လှ
၆/လလန(နိုင်) ၀၄၈၈၉၃



ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၉၀)၊ ဦးပိုင်အမှတ်(ဂ-ခ)၊ ဧရိယာ ၀.ဒသမ ၀၃၄၅ ဧကနှင့် ဦးပိုင်အမှတ် (ဂ-စ)၊ ဧရိယာ ၀.ဒသမ ၀၁၉၉ ဧကရှိ ဒေါ်တင်တင် အမည်ပေါက် ဘိုးဘွားပိုင်မြေများအား လက်ရှိ ဒေါ်တင်တင် အမည်ပေါက်ကို ပယ်ဖျက်၍ မူလမင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာအသင်းအမည်သို့ ပြန်လည်ထားပေးပါရန် မင်းကွန်းဗုဒ္ဓဘာသာအုပ်ချုပ်မှုကော်မတီမှ အမှုတွဲအမှတ် ၁/ဘ(အယူခံ)/ ၂၀၀၄-၂၀၀၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန။

(၅)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဦးကိုကို (ကင်မွန်းခြံရပ်၊ ချောက်မြို့) ၂၂-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည်မှာ (၅)နှစ်ပြည့်ပြီးဖြစ်သော်လည်း တစ်နေ့မှ မေ့မရပါ။ နေ့စဉ်နှင့်အမျှ ကောင်းမှုကုသိုလ် ပြုလုပ်လျက် အမျှပေးဝေလျက်ရှိပါသည်။ ရောက်ရာဘဝမှ ရရှိခံစားနိုင်ပါစေ။

ချစ်ဇနီး-တင်တင်လှိုင်၊ သား-အောင်ခင်ဆင့်၊ သမီး-ဆွေယဉ်မွန်
၂၃၁၊ ကင်မွန်းခြံရပ်၊ ချောက်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းဖေ
ညွှန်ကြားရေးမှူး(ငြိမ်း)ဆည်မြောင်းဦးစီးဌာန
ဥက္ကဋ္ဌ၊ မင်းဘူးမြို့နယ်အသင်း
အသက်(၇၃)နှစ်

ဆရာဦးဝင်းဖေ ၁၈-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမြင့် AE (ငြိမ်း) ဆည်မြောင်း မိသားစု(ပြည်)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွေးညွှန့် (မြိတ်)
အသက် (၆၆)နှစ်

ကိုဝင်းနိုင်-မစိုးစိုးတို့၏မိခင် ဒေါ်ထွေးညွှန့် (မြိတ်)သည် ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုမျိုးမြင့်-မမြင့်မြင့်သိန်း (ပဲခူးမြို့)
ကိုနေဝင်း၊ကိုပြည့်စုံ-မမွန်မွန်(မြိတ်)
(စိန်မျှားဆေးပေါ့လိပ်မိသားစု)။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ထိမ်းမြားမင်္ဂလာ၊အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ် နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။

ခရစ်တော်၌ အိပ်ပျော်ခြင်း
Pi Tial Chin
အသက်(၄၇)နှစ်

ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ (Pu Phir Tling)-(Pi Fam Can) တို့၏ စတုတ္ထမြောက်သမီး၊ ထန်တလန်မြို့နယ်၊ ဆိုပွမ်းရွာ (ယခု ၅၉၁၊ ခဝဲခြံ (၁)လမ်း၊ အင်းစိန်မြို့နယ်) နေ ဦးဝင်းဆင် (Pu Winsin)၏ ချစ်လှစွာသောဇနီး၊ Pi Bawi Hnem Sung- Pu Tual Kim ၊ Pa Bawi Cung Nung ၊ Pu Van Hnuai Thang - Pi The Su Mon၊ Nu Dawt Tha Dim တို့၏ မိခင်၊ Pi Cia Thai (သစ်တောရုံးချုပ်) Rev. Ngun Nawl၊ (Pu Than Kung), Pu Van Hu- Pi Ngun Cia တို့၏ညီမ၊ (Pi Thein Mya)၊ (Pu Chan Bik), Nu Sui Hniang ၊ Pi Rosaline Hniang Chin(သစ်တောမြောက်ပိုင်း)-Pu Tha Ceu တို့၏ အစ်မ၊ Pa Bawi Nun Thang ၏အဘွား Pi Tial Chin သည် ၁၉-၇-၂၀၀၄ ရက် နံနက် ၅း၄၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၂-၇-၂၀၀၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး ခရစ်ယာန် သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကားများကို နေအိမ် အင်းစိန် ကျမ်းစာကျောင်း(MIT)၊ မြောက်ဒဂုံ-မန္တလေး မှတ်တိုင်နှင့် လှိုင်သီရိအိမ်ရာတို့မှ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးဝင်းဖေ
ညွှန်ကြားရေးမှူး(ငြိမ်း)၊ဆည်မြောင်းဦးစီးဌာန
အသက်(၇၃)နှစ်

၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ နှစ်သိမ့်အားပေးကူညီခဲ့ကြသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့မှ အရာရှိကြီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ လုပ်ဖော်ကိုင်ဖက်များ အားလုံးတို့အားလည်းကောင်း၊ မင်းဘူးအသင်း(ရန်ကုန်)မှ မိတ်သင်္ဂဟများအားလည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကူညီအားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် တယ်လီဖုန်း၊ အီးမေးလ်တို့ဖြင့် နှစ်သိမ့်အားပေးခဲ့ကြသော မိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၀၄ရက်(စနေနေ့)နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အမှတ် ၅၆(က)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ် နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းဖေ
ညွှန်ကြားရေးမှူး(ငြိမ်း)၊ဆည်မြောင်းဦးစီးဌာန
အသက်(၇၃)နှစ်

ဖခင်ရင်းတစ်ယောက်ကဲ့သို့ စောင့်ရှောက်ကျွေးမွေး ပညာသင်ကြားပေးခဲ့သော အနန္တကျေးဇူးရှင် ဦးလေးဝင်း ၁၈-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုထွန်း၊ မခင်အုန်းမြင့်၊ကိုပေါက်၊ (တူ/တူမများ)။

ရဟန်းဒါယကာကြီး
ဦးတင်စိန် (ခရမ်း)
အသက်(၇၃)နှစ်

ခရမ်းမြို့နေ (ဦးဘိုးညွန့်-ဒေါ်ငြိမ်းရင်)တို့၏သား၊ (ဒေါ်နှင်းခင်)၊ (ဒေါ်နှင်းကြည်)၊ (ဒေါ်နှင်းစိန်)တို့၏မောင်၊ ရန်ကုန်မြို့၊ အမှတ် ၈၆၂၊ ကျော်သူလမ်း ၂၀၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ခင်သိန်း)၏ခင်ပွန်း၊ (ဦးထွန်းတင်)-ဒေါ်ခင်နွယ်ဦး၊ ဒုတိယဗိုလ်မှူးကြီးမြင့်နွယ်(တပ်မတော်-ရေ)-ဒေါ်စိမ်းမြတ်သူ၊ ဒေါ်သင်းသင်းနွယ် (အငယ်တန်း လက်ထောက်မန်နေဂျာ၊ ပရောဂျက်ဌာန၊ MAPT)တို့၏ဖခင်၊ မောင်အောင်ဇင်မျိုး(X-E, TTC)၊ မောင်ထိုက်အောင်မြင့်နွယ်(VI-G၊ အထက-၁၊ဒဂုံ)၊ မဟေမန်ထွန်း(VI-A၊ အထက-၂၊ တောင်ဥက္ကလာပ)၊မစိုးယမင်းမြင့်နွယ်(IV-F၊ အထက-၁၊ ဒဂုံ)၊ မောင်ဇင်လင်းထွန်း(I-A၊ အထက-၂၊ တောင်ဥက္ကလာပ)တို့၏ အဘိုးသည် ၂၀-၇-၂၀၀၄ရက် နံနက် ၁၁:၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် ၈၆၂၊ ကျော်သူလမ်း ၂၀၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးလှဟန် (အင်္ဂပူ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၉၈၊ အနောက်မြို့ပတ်လမ်း၊ ဆရာစံ မြောက်/အနောက်နေ (ဒေါ်အမာကြည်)၏ခင်ပွန်း၊ ဦးထွန်းလှိုင်-ဒေါ်ရီရီတင်၊ ဦးလှမင်း-ဒေါ်ကြည်အောင်၊ ဦးကျော်မောင်-ဒေါ်စန်းစန်းဦး၊ (ဦးလှဌေး)၊ ဦးတင့်လွင်-ဒေါ်နီနီခိုင်၊ ဦးအေးသန်း-(ဒေါ်သီသီခိုင်)၊ မမြင့်မြင့်သောင်း၊ မယဉ်ယဉ်အေး၊ မောင်မျိုးမြင့်အောင်တို့၏ဖခင်၊ မြေး၁၀ယောက်တို့၏အဘိုးသည် ၂၁-၇-၂၀၀၄ရက် ညနေ ၄:၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်လှကြည်
အသင်းဝင်အမှတ်(၅၉၂)
အလယ်တန်းပြ(ငြိမ်း)
အသက်(၇၀)

ပုလောမြို့၊အမှတ်(၂)ရပ်ကွက်၊ဗိုလ်မှူးဗထူးလမ်းနေ (ဦးထွန်းတင်-ဒေါ်သိန်းကြည်)တို့၏သမီး ဒေါ်လှကြည်သည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ပုလောမြို့နေအိမ်မှ ပုလောမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဦးဘထိန် (မြေပုံမြို့)
အသက်(၅၁)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့၊ အလယ်ပိုင်းရပ်ကွက်၊လမ်းမကြီးနေ(ဦးဘဖြူ)-ဒေါ်ရွှေယုန်တို့၏သားငယ်၊ (ဦးလှအောင်)-ဒေါ်မြစိန်ဦးတို့၏ညီ၊ ဒေါ်ထွေးတင်၏ခင်ပွန်း၊ မမြအေးဖြူ၊ မောင်အောင်ဇော်ဟိန်းတို့၏ဖခင်၊ ကိုကျော်ကြီး(ကော့ကရိတ်ဆေးရုံ)၊ ကိုသန်းစိန်-မမြသန္တာ၊ ကိုကျော်ဆန်းလှ-မမြသွယ်၊ မောင်မြတ်ထူးအောင်၊ မောင်ပြုံးချိုတို့၏အဘကြီး၊ မသန္တာသန်းစိန်၊ မမြဆုရတီကျော်တို့၏အဘိုးသည် ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ဦးဘထိန်၏ဈာပနအား အဘက်ဘက်မှပိုင်းဝန်းကူညီပေးကြသော စစ်တွေမြို့ (မြေပုံမြို့နယ်အသင်း)နှင့် မိတ်ဆွေသင်္ဂဟများ အားလုံးတို့အား ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ကြည်
ဒု-စက်ရုံမှူး(ငြိမ်း)၊တပ်မတော်မိုးရေကာဖျင်စက်ရုံ
(ဝဲလောင်၊ တောင်သာ)
အသက်(၇၃)နှစ်

မန္တလေးတိုင်း၊ တောင်သာမြို့၊ ဝဲလောင်ရွာနေ (ဦးစံပ-ဒေါ်ချော)တို့၏သားလတ်၊ အမှတ် (၄/၈၄၃)၊ သုခမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်စန်း(အထက်တန်းပြ၊ အထက-၃၊ မြောက်ဥက္ကလာပ၊ ငြိမ်း)၏ ခင်ပွန်း၊ တောင်သာမြို့၊ ဝဲလောင်ရွာနေ (ဦးသာမောင်)-ဒေါ်သိန်းရှင်၊ (ဦးပွား)-ဒေါ်ရုပ်ဆိုးတို့၏ညီ/မောင်၊ (ဦးအောင်ရွှေ)-ဒေါ်တင်ရီ၊ ဦးသိန်းအောင်-ဒေါ်သန်းကြည်၊ ဦးအောင်ဆွေ(အကြံပေးပုဂ္ဂိုလ်၊ လမ်း/တံတား၊ မြို့တော်စည်ပင်)-ဒေါ်ဟိရော့ကိုတို့၏အစ်ကိုကြီး၊ ဦးကြည်အေး(လ/ထ ကထိက၊ ပထဝီဝင်ဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)-ဒေါ်ခင်သူဇာအောင်(လ/ထ ကထိက၊ ပထဝီဝင်ဌာန၊ဒဂုံတက္ကသိုလ်)၊ မယဉ်မူယာအောင်(B.E, Mechanical)၊(မောင်စွမ်းပြည့်အောင်) (အထက-၂၊ ဗဟန်း)တို့၏ဖခင်၊ မောင်ကျော်စွာခန့်၏အဘိုးသည် ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့) ည ၁၁:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစစ်ကြိုင်
(အငြိမ်းစား၊ ဗဟိုပုံနှိပ်)
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ် ၁၀၂/က နေ (ဦးပင်ကွမ်း-ဒေါ်စိန်မြ)တို့၏သား၊ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ကိုဇော်ထွန်း-မကြူကြူ(ဟေမဝန်ဈေး)၊ ကိုအောင်ကြည်-မတင်စန်း၊ တပ်ကြပ်အောင်မင်း-မတင်တင်ဝင်း(စက်မှု-၂)၊ ကိုခင်မောင်ထွန်း-မစန်းစန်းမြင့် (လေးဒေါင့်ကန်)၊ ကိုအောင်စိုးဝင်း-မမေသီဆွေ၊ မောင်ကျော်တင့် (ရွှေ့ပြေး TV ရောင်းဝယ်ရေး)၊ မောင်ဝင်းထွဋ်တို့၏ဖခင်ကြီး၊ မောင်ဝင်းဇော်၊ မခိုင်ဝေမွန်၊ မခိုင်ဝေအောင်၊ မအေးသီပိုင်၊ မအေးသီခိုင်၊မောင်ထိန်လင်း၊မောင်မြတ်မင်းထွန်းတို့၏ဘိုးဘိုးကြီးသည် ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက်(သောကြာနေ့) ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယိကာမကြီး
ဒေါ်သိန်းလှိုင် (ဟင်္သာတမြို့)
ရွှေသမင်သက်န်းတိုက်
အသက်(၇၃)နှစ်

ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၃၆ နေ (ဦးဘိုးကြိတ်၊ အမိန့်တော်ရရှေ့နေကြီး-ဒေါ်ဒေါ်မြင့်)တို့၏သမီး၊ (ဦးသန့်-ဒေါ်ဒေါ်မွေး)တို့၏သမီးချွေးမ၊ ဦးသိန်းဖေ၏ဇနီး၊ ဆရာတော် ဦးဝိလာသ (ဇရာဝတီတိုင်း သံဃနာယကဥက္ကဋ္ဌ)၊ ဆရာတော် ဦးသိရိန္ဒ၊ ဦးအရိန္ဒမတို့၏ ရဟန်းမယ်တော်ကြီး၊ ဒုရဲမှူးကျော်ညွန့်(တိုင်းတာဝန်ခံအရာရှိ၊ သတင်းတပ်ဖွဲ့၊ ပြည်မြို့)-ဒေါ်ရည်ရည်ဝင်း၊ ကိုအောင်ကောင်းမြတ်-မတင်မာဝင်း(ဖျာပုံ)တို့၏ မိခင်၊ မဆုမြတ်မွန်(B.Com)၊ မရွှေဝတ်ရည် (UFL၊ Japanese)တို့၏ အဘွားသည် ၂၁-၇-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့ မီးသဂြိုဟ်စက်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင် (မော်လမြိုင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၈၉ လမ်း၊ အမှတ် ၁၁ နေ(ဦးထွန်းရီ)၏ဇနီး၊ ဦးအောင်ဌေးဝင်း-ဒေါ်ခင်ခင်မြ၊ ဦးစိုးဝင်း (ဦးစီးအရာရှိ၊ ဆည်/မြောင်း၊ ပျဉ်းမနားမြို့)-ဒေါ်တင်ဌေးယဉ်၊ ဦးခင်မောင်ဝင်း-ဒေါ်ချောချောငယ်၊ (ဦးဇော်မျိုးဝင်း)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင် (မော်လမြိုင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၈၉ လမ်း၊ အမှတ် ၁၁ နေ (ဦးဘအေး-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးထွန်းရီ)၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်ခင်သန်းနွဲ့၊(ဦးစံမြိုင်)-ဒေါ်တင်မြိုင်၊(ဦးစိုးမင်း)-ဒေါ်စိန်သွင်၊ (ဦးနေဝင်း-ဒေါ်သန်းတင်)၊ ဦးမောင်မောင်(ခရိုင်ရဲမှူး၊ မြင်းခြံမြို့)-ဒေါ်ခင်ခင်စီတို့၏အစ်မ၊ တူ တူမ ၂၈ ယောက်တို့၏ကြီးတော်သည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ဝမ်းနည်းကြေကွဲခြင်း

အောင်လံမြို့၊ စက်ရုံရပ်၊ ပြည်လမ်းနေ ဦးဝင်းသောင်း၏ဇနီး ဒေါ်သန်းဝင်း အသက်(၅၇)နှစ် (အောင်လံ)သည် ၁၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်ထွန်း-ဒေါ်ခင်ဌေးဦး (ငွေတိုက်စိုး)
ဦးတင်မြင့် (Asia King Co.,Ltd.)
ဦးကျော်စန်းမိုး (နောင်ရိုးကားဂိတ်)။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မိုး(ခ)ပုသိမ်ဆရာမိုး အသက်(၇၁)နှစ် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)အလုပ်အမှုဆောင်သည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)။

ဘုရား၊ရဟန်း၊တန်ဆောင်းဒါယကာကြီး
ဦးကျော်ဇ (ပုသိမ်)
တိုင်းပညာရေးမှူး(စစ်ဆေးရေး၊ ငြိမ်း)
အသက်(၆၉)နှစ်

ပုသိမ်မြို့၊ ကန်သုံးဆင့်၊ ဦးပုညလမ်းနေ (ဦးဘသန်း-ဒေါ်လှတင်)တို့၏သား၊ (ဒေါ်မြင့်မြင့်ဝေ)၏ခင်ပွန်း၊ (ဦးခင်ဇော်)-ဒေါ်ရင်မေ၊ ဒေါ်စန်းစန်းကြည်တို့၏အစ်ကိုကြီး၊ မဥမ္မာအေး-ကိုတင့်နိုင်၊ ကိုဝင်းသန့်၊ (ကိုဖုန်းအောင်)-မမြင့်မြင့်ဟန်၊ ကိုအုံးကျော်-မချောစုအောင်၊ ကိုမိုးကျော်မြင့်တို့၏ဖခင်၊ မသီဂီဦး၊ မအိန္ဒြာအောင်၊ မောင်ကောင်းခန့်ဇော်တို့၏အဘိုးသည် ၂၀-၇-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ပုသိမ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ သစ်ညိုကုန်းသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ယဉ်ကြည်
(အပ်ချည်စက်ရုံ၊ ငြိမ်း)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၉)ရပ်ကွက်၊ ပဒုမ္မာ ၄ လမ်း၊ အမှတ် ၅၆၁ နေ (ဦးထွန်းမောင်-ဒေါ်သိန်းဟံ)တို့၏သမီး၊ (ဦးသန်းစိန်)၏ဇနီး၊ (ဒေါ်သန်းနု)၊ (ဦးတိုးအောင်)၊ (ဦးမြဟန်)၊ ဒေါ်ထားကြည်တို့၏ညီမ၊ (ဦးမျိုးညွန့်)၊ (ဦးဝင်းညွန့်)၊ ဦးတင်ထွန်း (စည်ပင်၊ မရမ်းကုန်း)-ဒေါ်ခင်အေးမာ (စီမံရေးရာဌာန၊ မြို့တော်စည်ပင်)၊ ဦးစိန်ညွန့် (စည်ပင်၊ စက်/ယာဉ်)-ဒေါ်မိုးမိုးကြည်တို့၏မိခင်၊ မေသူသူထွန်း၊ ဇေရယ်မိုး၊ မြင့်မိုရ်ထွန်း၊ ကေဇင်မျိုးညွန့်၊ ဖြိုးကိုကိုတို့၏အဘွားသည် ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှရွှေ
အသက်(၈၆)နှစ်

မန္တလေးမြို့နေ(ဦးဘဦး-ဒေါ်မြစ်ဦး)တို့၏သမီး၊ ဦးမြဖေ-ဒေါ်စင်အုံးကြည်၊ (ဗိုလ်မှူးကြီးဗအောင်)-ဒေါ်စင်ရွှေ၊ (ဦးဘမောင်)တို့၏အစ်မ/ညီမ၊ ဦးအောင်ဝင်း-ဒေါ်မေရင်၊ ဒေါ်ခင်စမ်းမြ(အလက-၄၊ မ/ဥက္ကလာပ)၊ ဦးဉာဏ်လင်း(လက်ထောက် ညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်/မွေး)-ဒေါ်ယဉ်ယဉ်သန်း၊ ဗိုလ်မှူးကြီးသက်နိုင်-ဒေါ်ခင်နှင်းဥ၊ Dr.သိန်းဝင်း-ဒေါ်သီဂီအောင်တို့၏ကြီးဒေါ်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၁၈၆၊ နှင်းဆီ ၁ လမ်း၊ (၁၇/၃)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်နေအိမ်၌ ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၀၄ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးဝင်းတင့်(ခ)ဦးဝင်းမြင့်ဦး
အသက်(၄၉)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ ၃၊ မ ၁၇၅ နေ (ဦးခင်မောင်စိန်) - ဒေါ်တင်စိန်တို့၏သား၊ ဗိုလ်မှူးသောင်းတန် - ဒေါ်ခင်စန်းဦး၊ ဦးဝေဇင်-ဒေါ်နန်းနွန်း၊ ဦးဇော်မင်း-ဒေါ်ဥမ္မာ၊ ဒေါ်လဲ့လဲ့ခိုင်၊ ဦးအောင်အောင် - ဒေါ်အေးအေးမော် (ပြည်ပဆက်သွယ်ရေး)၊ ဦးမိုးလွင်ဦး-ဒေါ်စိုးစိုးလှိုင်၊ ကိုမြတ်မိုးအောင် (ကိုမိုးကြီး)-မတိုးတိုးခိုင်တို့၏အစ်ကိုသည် ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အမာ (စမ်းချောင်း)
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ ဦးဂွယ်လမ်း၊ အမှတ် ၁၁ နေ (ဦးတင်လှိုင်-ဒေါ်ရီရီ)၊ (ဦးလှထွန်း)-ဒေါ်စိန်စိန်၊ (ဦးစိန်ထွန်း)၊ ဦးခင်စိုး(ညွှန်မှူး၊ ငြိမ်း၊ ရသုံးဦးစီးဌာန)-ဒေါ်မြင့်မြင့်တို့၏မိခင်၊ (ဒေါ်ရင်မြ)၊ ဒေါ်တင်တင်လှ၊ ဒေါ်ရီရီတို့၏အစ်မကြီး၊ မြေး ၁၂ ယောက်၊ မြစ် ၁၅ ယောက်တို့၏ အဘွားသည် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြင့်(ခ)ဒေါ်ခင်ညွန့်
(မြောင်းမြ)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၉၊ ပြည်တော်အေးလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးမောင်-ဒေါ်ပု)တို့၏သမီး၊ မြောင်းမြမြို့၊ ရိုးကူးရပ်ကွက်နေ (ဦးဘအုန်း-ဒေါ်မယ်တင့်)တို့၏သမီးချွေးမ၊ (ဦးမြင့်ကြည်)-ဒေါ်အေးချစ်၊ (ဦးတင်အေး)-ဒေါ်စန်းစန်း၊ ဦးသိန်းမြင့်-ဒေါ်ပို၊ ဦးမြတ်ဟန် - ဒေါ်အေးမြင့်(ခ)မချောတို့၏မိခင်၊ မအေးအေးစန်း၊ မောင်မောင်ခင်၊ မောင်ပြည်ကျော်ဟန်၊ မောင်ပြည်ဇော်ဟန်၊ မြေး ၁၄ ယောက်၊ မြစ် ရှစ်ယောက်တို့၏အဘွားသည် ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမ
ဒေါ်သန်းကြည် (ဒလ)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၁၀၁ နေ (ဦးဘိုးသင်-ဒေါ်ငွေညွန့်)တို့၏သမီး၊ (ဦးအုန်းဖေ)၏ဇနီး၊ ဦးရဲမြင့်၊ ဦးတင်ဝင်း-ဒေါ်ခင်စန်းမြင့်၊ ဦးခင်မောင်မြ-ဒေါ်ခင်စန်းချစ်၊ ဦးရဲရင့်-ဒေါ်ခင်မျိုးလှိုင်၊ ဦးမောင်မောင်ဦး-ဒေါ်လှလှနု၊ ဦးမောင်မောင်ဝင်း-ဒေါ်တင်တင်လှ၊ ဦးသန်းဦး-ဒေါ်ခင်စန်းမာ၊ ဦးမောင်မောင်ကျော်၊ (ဦးမောင်မောင်သိန်း)-ဒေါ်ဌေးဌေးဝင်း၊ (ဦးဝင်းနိုင်)တို့၏မိခင်၊ မြေး ၂၈ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ရီ (တွံတေး)
အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းမြိုင်-ဒေါ်မိ)တို့၏သမီး၊ တွံတေးမြို့နေ(ဦးဘခင်-ဒေါ်သင်းလှိုင်)တို့၏သမီးချွေးမ၊ တွံတေးမြို့၊ ဈေးသစ်ရပ်ကွက်၊ ဈေးကြီးလမ်း၊ က/၂၄ နေ(ဦးလှတင်)၏ဇနီး၊ ဦးချစ်စိန်၏ညီမ၊ (ဦးကြိုင်-ဒေါ်ခင်စော)၊ ဦးတင်အေး-(ဒေါ်သိန်းဟံ)၊ ဦးလှမြင့်-ဒေါ်ယဉ်ယဉ်ကြည်၊ ဦးကျော်လှ-ဒေါ်မြမြ၊ ဦးကျော်သောင်း-ဒေါ်ကေကို၊ ဦးတင်လှိုင်-(ဒေါ်ကြည်မေနွယ်)၊ ဦးတင်ဝင်း-ဒေါ်ခင်သန္တာ၊ (ဦးသန်းထွန်း-ဒေါ်အေးသိန်း)တို့၏အစ်မကြီး၊ ဦးညွှန့်ဝေ(ထွေ/အုပ်၊ တွံတေး)-ဒေါ်လှလှမြင့်၊ ဒေါ်ခင်ခင်အုံး(အလက၊ တွံတေး)၊ ဦးဝင်းထွဋ် (ထွေ/အုပ်၊ တွံတေး)-ဒေါ်မိုးသီတာတို့၏မိခင်၊ ဗိုလ်ကြီးကျော်သူထိုက်၊ ဗိုလ်လောင်းဇော်လင်းထက်(နောက်ဆုံးနှစ်၊ စစ်တက္ကသိုလ်)၊ မခင်သီရိမြတ်ဆုတို့၏အဘွားသည် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ အိုးဘိုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးသန်းမောင် (ခရမ်း/သုံးခွ)
မင်းကွန်းပဋ္ဌိပတ္တိ
သာသနာ့နုဂ္ဂဟအသင်းကြီး၏နာယက
အသက်(၉၀)

ခရမ်းမြို့နေ ဦးဘိုးကျင်-ဒေါ်ခင်တို့၏သား၊ သုံးခွမြို့နေ ဦးဘိုးဝင်း-ဒေါ်လှတို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၄၂၊ ၉၁ လမ်း၊ ကန်တော်ကလေးနေ ဒေါ်သန်းကျူ၏ခင်ပွန်း၊ (ဦးဝင်းသိန်း-ဒေါ်လှမြင့်)၊ ဦးအုံးမြ-ဒေါ်စီစီမြင့်(ကျောင်းအုပ်ကြီး၊ အမက-၆၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်ဌေးဌေးမြင့် (ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဗိုလ်မှူးသန်းဆွေ-ဒေါ်သန်းသန်းဝင်း(မေဖလားဝါးဘဏ်)တို့၏ဖခင်၊ ကိုထွေးနိုင်-မချယ်ရီဝင်း၊ ကိုခါနဲကို-မသီဂီဝင်း၊ မောင်မျိုးမြင့်ဝင်း-မသဇင်နွယ်၊ မောင်ကျော်သူဝင်း၊ မခိုင်ညိုဝင်း၊ မလင်းနန္ဒာထွန်း(Sakura)၊ မောင်မင်းသူရိန်ထွန်း၊ မသင်းနေခြည်ထွန်း၊ မောင်ပြည့်ဘုန်းဆွေ၊ မဝင်းပပအေးတို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည်၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေး (ဓနုဖြူ၊ ပြည်)
အသက်(၈၁)နှစ်

ဓနုဖြူမြို့၊ ဘီးလစ်ကြီး ဦးစိန်-ဒေါ်ယုံတို့၏သမီးထွေး၊ အိမ်အမှတ် ၃၄(ဒီ)၊ မအူပင်လမ်း၊ စမ်းချောင်းနေ ဦးစိုးလွင်၏ဇနီး၊ ပြည်မြို့ (စီစီဦးလှ-ဘီအေး၊ ဒေါ်သန်းတင်)တို့၏ ညီမထွေး၊ ဦးမောင်မောင်-ဒေါ်စန်း၊ ဦးစိန်လှ (မော်ကွန်းထိန်း၊ အဝေးသင်၊ ဒဂုံတက္ကသိုလ်)-ဒေါ်ခင်မာညို၊ ဦးသန်းလှ-ဒေါ်တင်တင်ဦးတို့၏အဒေါ်၊ မြေးခြောက်ယောက်၊ မြစ် ရှစ်ယောက်တို့၏အဘွားသည် ၁၈-၇-၂၀၀၄ရက် နံနက် ၈:၄၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးလွင်နိုင်(ခ)ဦးလှမြင့်
(ကျိုက်လတ်)
မြို့နယ်ဦးစီးမှူး(ငြိမ်း)၊စာရင်းစစ်ချုပ်ရုံး
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၄ နေ (ဦးဘရှင်-ဒေါ်ငွေစိန်)တို့၏သား၊ (ဦးလတ်-ဒေါ်ခင်ခင်)တို့၏ သားသမက်၊ ဒေါ်ဖြူဖြူ(ဆေး-၁၊ ရုံး၊ငြိမ်း)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်မှုန်၏အစ်ကိုကြီး၊ မတိုးတိုးနိုင် (စည်ပင်ဦးစီး၊ ရုံးချုပ်)၊ ကိုရဲနိုင်(စစစ)-မသန်းသန်းအေး(စစစ)၊ ကိုရန်နိုင်-မစောနန္ဒာ(လွယ်ဟိန်းကုမ္ပဏီ)၊ ဒုတိယဗိုလ်ကောင်းထွဋ်နိုင်(လှိုင်ကော်)တို့၏ဖခင်၊ မသမုဒယရန်နိုင်၏အဘိုး၊ မောင်အေးနိုင်၊ မောင်ဝင်းထွဋ်ဝင်းတို့၏ ဘကြီးသည် ၂၀-၇-၂၀၀၄ရက်တွင် ကန်သာယာဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးလေးမောင်
လက်ထောက်မန်နေဂျာ(ငြိမ်း)
မြန်မာ့သစ်လုပ်ငန်း
လက်ထောက်မန်နေဂျာ(သစ်တောဖက်စပ်)
(မိတ္ထီလာမြို့)
အသက်(၆၂)နှစ်

မုံရွာမြို့၊အောင်ချမ်းသာရပ်နေ(ဦးလှဘော်)-ဒေါ်ခင်အေးတို့၏သား၊မန္တလေးမြို့၊ အမရပူရ၊ သီရိရတနာခြံနေ ဦးမြင့်သိန်း-ဒေါ်ခင်ရွှေတို့၏ သားသမက်၊ ဒေါ်ခင်မြင့်မြင့်ရီ၏ခင်ပွန်း၊ ကိုနေမျိုးဦး(ခ)ဘိုဘို-မသင်းသင်းကြည်၊ ကိုစိုးမိုးကျော်-မနန္ဒာမောင်တို့၏ဖခင်၊ ဒေါ်တင်တင်၏မောင်၊ ဒေါ်ကြင်ကြင်(အထက-၁၁၊ မုံရွာ)၊(ဒေါ်အမာ)၊ မြို့နယ်တရားသူကြီး ဦးသာစန်း၊ (ဦးဝင်းမောင်)တို့၏အစ်ကို၊ (ဦးခင်မောင်စန်း)-ဒေါ်ခင်မြင့်မြင့်ဆွေ၊ ဦးအေးကိုမြင့်-ဒေါ်ခင်မေနု၊ ဒေါ်ခင်မြင့်မြင့်မေ(အထပြ၊ အနီးစခန်း)၊ ဒေါ်ခင်မြင့်မြင့်မော်(အမက-၁၊ ခရေပင်ပိုင်း၊ မန္တလေး)တို့၏အစ်ကို၊ တူ တူမ ငါးယောက်တို့၏ဦးလေး၊ မြေးလေး ယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)တွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သောဘိတ
သာသနာ့ဝိသုဒ္ဓိကာရီကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ရွှေဂုံတိုင်လမ်း၊ဗဟန်း၊ရန်ကုန်
သက်တော်(၆၄)နှစ်၊
သိက္ခာတော်(၄၄)ဝါ

ပြည်မြို့၊ခေတ္တရာမြို့သစ်၊ ၂/၅ လမ်းနေ ခမည်းတော်(ဦးအေး)-မယ်တော်ဒေါ်ပြန့်တို့၏သား၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊သမိန်ဗရမ်းလမ်းနေ(ဦးကြူးဝါး-ဒေါ်ကြည်မြိုင်)၊ (ဦးတင်စော-ဒေါ်ညွန့်တင်)၊ဗဟန်းမြို့နယ်၊ အေးချမ်းသာယာလမ်း၊ အမှတ် ၇၄(D)နေ (ဦးကြည်ယာ)-ဒေါ်ခင်တင့်တို့၏သား ဘုန်းတော်ကြီး ဘဒ္ဒန္တ သောဘိတသည် ဒုတိယဝါဆိုလဆန်း ၄ ရက် (၂၀-၇-၂၀၀၄ ရက်) အင်္ဂါနေ့ နံနက် ၁၀:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဒုတိယဝါဆိုလဆန်း ၈ ရက် (၂၄-၇-၂၀၀၄ရက်) စနေနေ့ ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (ခြောက်ထပ်ကြီး သာသနာ့ဝိသုဒ္ဓိကာရီကျောင်းမှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူတပည့်ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယကာကြီး
ဦးဘထိုင် (ထားဝယ်)
(သန်းသန်း ဟင်းမွှေးမဆလာ၊ သရက်သီးသနပ်)
အသက်(၇၂)နှစ်

ထားဝယ်မြို့နေ (ဦးအောင်ဝိုင်ဆင်-ဒေါ်ရှင်မေ)တို့၏သား၊ မြိတ်မြို့နေ (ဦးသင်းအောင်-ဒေါ်ထုပ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၅၁ (မြေညီထပ်)နေ (ဒေါ်စောနု)၏ခင်ပွန်း၊ (ဦးမြင့်ဦး)၊ ဒေါ်သန်းသန်းယု-ဦးမြင့်သန်း၊ ဦးတင်မျိုး၊ ဦးအောင်မျိုး-ဒေါ်ခင်နှင်းစုတို့၏ဖခင်၊ မခင်ရူပါထိုင်၊ မယွန်းဒီပါထိုင်၊ မပိုးစန္ဒာခင်၊ မသီဂီမေလင်းတို့၏အဘိုးသည် ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၃၅၁၊ မဟာဗန္ဓုလလမ်း၊ ၃၉ လမ်းထိပ် နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးတင်အုန်း
အငယ်တန်းအင်ဂျင်နီယာ(၁)(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးဘခင်)-ဒေါ်အေးသွင်တို့၏သား၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ သီရိပုလဲသွယ်လမ်း၊ အမှတ် ၄၈ နေ ဒေါ်ချိုချို၏ခင်ပွန်း၊ဦးကျော်သူအုန်း-ဒေါ်နီဝင်းကျင်(အထက်တန်းသူနာပြု)၊ တပ်ကြပ်ကြီးရဲထွဋ်အုန်း - ဒေါ်အေးအေးအောင်၊ (ဦးစည်သူအုန်း) - ဒေါ်စောဥမ္မာမြင့်၊ ဦးရဲသူအုန်း-ဒေါ်တင်မိုးခိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၁-၇-၂၀၀၄ရက် ဝဝ:၂၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးသွယ်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၀၄၊ ကမ်းနားလမ်း၊ ကမ်းသာယာပလာဇာနေ (ဦးအီတိတ်)-ဒေါ်မြစိန်တို့၏သမီး၊ (ဦးထွန်းစိန်-ဒေါ်ညွန့်ညွန့်)တို့၏ သမီးချွေးမ၊ ဦးလှဖုန်းမြင့်၏ဇနီး၊ မောင်ကွန်းဇော်-မခင်လပြည့်ဝင်း၊ မောင်ရဲမင်းဝင်းတို့၏မိခင်၊ ကိုကျင်သိန်း၊ ကိုကျော်လွင်-မညွန့်ရင်၊ကိုရွှေသိန်း-မချယ်ရီ၊ကိုကျော်စိုး-မသူဇာ၊ ကိုဇော်သိန်း-မသီတာ၊ ကိုဇီဝထွန်း - မချယ်ရီညွန့်ထွေးတို့၏အစ်မကြီးသည် ၂၁-၇-၂၀၀၄ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် e-Government ရှင်းလင်းတင်ပြပွဲ တက်ရောက် မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေမှုများတင်ပြ

ရန်ကုန် ဇူလိုင် ၂၁

e-Government လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ၏ e-Government နှင့် ပတ်သက်သည့်လုပ်ငန်းများ ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လိုအပ်သည်များကို မှာကြားသည်။

တက်ရောက်

ရှင်းလင်းတင်ပြပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ MICTDC ဒါရိုက်တာအဖွဲ့ဝင်များ၊ e-National Task Force မှ အဖွဲ့ဝင်များ၊ ***စာမျက်နှာ ၈ ကော်လံ ၁*** ■

တာဝန်ရှိသူများ မှာကြား

မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် e-Government နှင့်ပတ်သက်သည့်လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒစ္စနေးလင်း ၄၉နှစ်ပြည့်

ဝေါလ်ဒစ္စနေးဆိုလျှင် မသိသူရှားလှသည်။ ကာတွန်းရုပ်ရှင်ဇာတ်လမ်းများ၏ ဖခင်ကြီးဟု ခေါ်ဆိုနိုင်လောက်သည်။ သူသည် ဒစ္စနေးလင်းကို တီထွင်ဆောက်လုပ်ထားသည်။ ဒစ္စနေးလင်းကိုသွားလျှင် ပျော်ရွှင်စရာအဖုံဖုံ၊ သည်းထိတ်ရင်ဖိုစရာအမျိုးမျိုးနှင့်ကြောက်ရွံ့စရာ အစုံစုံတို့ဖြင့် ကြုံရမည်ဖြစ်သည်။ ဒစ္စနေးလင်း၏ ထင်ရှားသောဇာတ်ကောင်များတွင် မစ်ကီးမောက်သည် ကျော်ကြားသောဇာတ်ကောင် ဖြစ်သည်။ ဇူလိုင် ၁၇ရက်၌ ဒစ္စနေးလင်း တည်ထောင် သည်မှာ ၄၉နှစ်ပြည့်ခဲ့ရာ စက္ကူချပ်များဖြင့် မစ်ကီးမောက်၏ ပုံကို ပုံတွင်ပါသည့်အတိုင်း ဖော်ပြခဲ့သည်။**(ဝဲပုံ)**

(ဓာတ်ပုံ-အင်တာနက်)

အဆိပ်ပြင်းပင့်ကူ ပါးပေါ်တင်ရာဝယ်

ချီလီနိုင်ငံ ဆန်တီအာဂိုမြို့တွင်ရှိသော ကွင်တာနော်မယ် ဥယျာဉ်၌ တိရစ္ဆာန်ရုံဖွင့်ပွဲ ကျင်းပစဉ် ဒီဂိုအက်စ် ပင်နီဇာဆိုသူလေးက သူ၏ပါးပြင်ပေါ်၌ အလွန်အဆိပ်ပြင်းသော အမွေးထူပင့်ကူတစ်ကောင်ကိုတင်၍ ပရိသတ်အား အသည်းတယားယားဖြစ်စေရန် ဖျော်ဖြေတင်ဆက်ခဲ့သည်။ ကျောင်းသားများအတွက် ဆောင်း ရာ သီ အားလပ်ရက်တွင် တိရစ္ဆာန်ရုံကို ဖွင့်မည်ဖြစ်သည်။

(ယာပုံ)(ဓာတ်ပုံ-အင်တာနက်)

AFC ASIAN CUP CHINA 2004

၂၀၀၄ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲဆက် အိမ်ရှင်တရုတ်အသင်း အုပ်စု(က)၌ဦးဆောင်နေ

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၄ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဆက်လက်ကျင်းပရာ အုပ်စု(က)မှ ကာတာနှင့်ဘာရိန်းတို့ တစ်ဂိုးစီသရေကျပြီး အိမ်ရှင် တရုတ်အသင်းက အင်ဒိုနီးရှားအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။

ကာတာနှင့် ဘာရိန်းပွဲစဉ်တွင် ကာတာအသင်းအတွက် ဦးဆောင်ဂိုးကို ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် ပွဲချိန် ၅၉ မိနစ်၌ ဝီဆမ်ရီဇစ်ခ်ကသွင်းယူခဲ့သည်။ ဘာရိန်းအတွက် ***စာမျက်နှာ ၁၃ ကော်လံ ၃*** ❐

အကောင်းဆုံးဘောလုံးသမားဆု

အီရန်နှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုရရှိသွားသည့် အီရန်အသင်းမှ မက်ဒီမက်ဒါဗီကီရာ(ယာ)အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၀-၇-၂၀၀၄

ကျောက်ဖြူ	၈ ဒသမ ၃၉ လက်မ
စစ်တွေမြို့	၅ ဒသမ ၇၅ လက်မ
သံတွဲမြို့	၅ ဒသမ ၇၁ လက်မ
မောင်တော	၅ ဒသမ ၀၄ လက်မ
ဝမြို့	၃ ဒသမ ၆၂ လက်မ
အမ်းမြို့	၃ ဒသမ ၁၉ လက်မ
ရေးမြို့	၂ ဒသမ ၈၀ လက်မ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်

၂၁-၇-၂၀၀၄

ရန်ကုန်မြို့လယ်	၁ ဒသမ ၃၀လက်မ
မင်္ဂလာဒုံ	၂ ဒသမ ၀၅လက်မ
ကမ္ဘာအေး	၁ ဒသမ ၉၇လက်မ